ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ ကြာသပတေးနေ့၊ (7-2-2008) (၅၅၈၆)

ကြည့်ရှုစစ်ဆေး

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တီးတိန်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်လာစေရေး စီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိ

ပြည်ထောင်စုကြီးတစ်ခုလုံး ဟန်ချက်ညီညီ တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီး သုံးရပ်ဖြစ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေး အထူးဒေသကြီးများ စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို တစ်ပြိုင်နက်တည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

စီးပွားဖြစ်ထွန်းမှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု၊ တည်ငြိမ်အေးချမ်းမှုတို့ဖြင့် ချင်းပြည်နယ်၏ လူနေမှုဘဝအဆင့်အတန်းကို မြင့်သည်ထက်မြင့်မားအောင် ကြိုးစားဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်း ကလေးမြို့၌ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းတွင် ကလေးမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဆရာမများအား တွေ့ဆုံအားပေးနှုတ်ဆက်သည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ကလေးမြို့မှ ချင်းပြည်နယ်တီးတိန်မြို့သို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိကြရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် တီးတိန်မြို့ ကမ်ဟောက်ခန်းမ၌ တီးတိန်မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ တီးတိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၇-၂-၂၀၀၈
(ကြာသပတေးနေ့)

ပညာရေးအခြေခံကောင်းများ ဆက်လက်မြှင့်တင် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်

ယနေ့အချိန်အခါတွင် နယ်စပ်အစွန်အဖျားဒေသများ အပါအဝင် ပြည်ထောင်စုတစ်ဝန်း၌ ငြိမ်းချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ ဖြစ်ထွန်းရရှိနေသည်။ နိုင်ငံတော်အစိုးရက ပြည်နယ်နှင့်တိုင်းများ ဖွံ့ဖြိုးလာစေရန် ပညာရေးအပါအဝင် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အခြေခံကောင်းများကို အရှိန်အဟုန်မြင့် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

မျက်မှောက်အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာများ အံ့မခန်းတိုးတက်လျက်ရှိရာ ယနေ့ကမ္ဘာသည် မနက်ဖြန် ကမ္ဘာအဖြစ် ဆက်စပ်ပြောင်းလဲနေသည်။ ထို့ကြောင့် နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူနေမှုဘဝ မြင့်မားပြည့်စုံစေရေးအတွက် ခေတ်နှင့်အညီ ပညာရေးပတ်ဝန်းကျင်ကောင်းများကို တည်ဆောက်၍ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင် မွေးထုတ်ပေးနေခြင်းဖြစ်သည်။

စစ်ကိုင်းတိုင်း ကလေးမြို့၌ တည်ဆောက်ပြီးစီးသွားသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာတက္ကသိုလ်(ကလေး) သုံးထပ်ကျောင်းဆောင်သစ်ကို ဖေဖော်ဝါရီလ ၄ ရက်နေ့က ဖွင့်လှစ်လိုက်သည်။ ယခုအခါ အဆိုပါဒေသ၌ နည်းပညာတက္ကသိုလ်နှင့် ယှဉ်တွဲပြီး ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့ တည်ရှိနေသဖြင့် ချင်းပြည်နယ်နှင့် ကလေးဒေသမှ လူငယ်များ အဆင့်မြင့်ပညာများကို လက်လှမ်းတမီ ဆက်လက်သင်ယူနိုင်ကြပြီဖြစ်သည်။

ကလေးဒေသသည် နိုင်ငံတော်၏ဖွံ့ဖြိုးရေးဒေသ (၂၄)ခုထဲတွင် ပါဝင်သဖြင့် ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။ ကလေး-ဂန့်ဂေါ-ပခုက္ကူ-ချောင်းဦး ရထားလမ်းသစ်၊ ကလေး-ဂန့်ဂေါကားလမ်းနှင့် ကလေး-ကလေးဝ-ယားကြီး-မုံရွာကားလမ်းသစ်များ ဖောက်လုပ်ပေးထားသည့်အပြင် ကလေးလေဆိပ်ကိုပါ အဆင့်မြှင့်တင် ပြုပြင်ပေးခဲ့သဖြင့် အခြားပြည်နယ်၊ တိုင်းများနှင့် လွယ်ကူစွာ ကူးသန်းဆက်သွယ် သွားလာနိုင်လျက်ရှိသည်။ ဒေသ၏စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုနေပြီဖြစ်သည်။

ယခုကဲ့သို့ ကလေးဒေသအပါအဝင် နိုင်ငံတော်၏ အချက်အချာကျသော ဒေသများ၌ တက္ကသိုလ်၊ ကောလိပ် စသည့် ပညာရေးဆိုင်ရာ အခြေခံကောင်းများကို တိုးတက်ဖြည့်ဆည်းမြှင့်တင်ပေးနိုင်မှုကြောင့် မျိုးဆက်သစ် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအား အရင်းအမြစ်များ ပိုမိုပေါ်ထွက်လာလျက်ရှိနေပြီ ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

မိတ္ထီလာမြို့ ညောင်လွန့်တောရကျောင်းတိုက်တွင် တည်ဆောက်လျက်ရှိသော သာသနာ့ဗိမာန်တော်ကြီးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက အလှူငွေကျပ်သိန်း ၃၀ ကို ဖေဖော်ဝါရီ ၆ ရက်က မိတ္ထီလာမြို့ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ ဓမ္မရက္ခိတဓမ္မာရုံ၌ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတကာရေးရာသတင်းများ

အမေရိကန် အကြိုအခြေခံသမ္မတလောင်းရွေးပွဲ အင်္ဂါနေ့ရွေးပွဲအပြီး မက်ကိန်းအသာရ

ဝါရှင်တန် ဖေဖော်ဝါရီ ၆

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် အကြိုအခြေခံသမ္မတလောင်း ရွေးပွဲများတွင် ရီပတ်ဘလီကန်ပါတီမှ ယှဉ်ပြိုင်သူဂျွန်မက်ကိန်းသည် အင်္ဂါနေ့က ပြုလုပ်သည့် ရွေးချယ်ပွဲအပြီးတွင် မဲဆန္ဒနယ်များ၌ အနိုင်ရရှိထားရာ သမ္မတလောင်းအဖြစ် လျာထားခံရရန် သေချာသည့် အနေအထားရောက်နေသည်ကို တွေ့ရသည်။

ဒီမိုကရက်တစ်ပါတီ၏ ရှေ့တန်းမှယှဉ်ပြိုင်နေသူ ကလင်တန်နှင့် အိုဘားမားတို့၏ အနေအထားသည် တစ်ယောက်နှင့်တစ်ယောက် အပြတ်ဖြတ်နိုင်သည့်အနေအထားမရှိဘဲဖြစ်နေသည်ဟု သတင်းများကဖော်ပြနေသည်။

ဆီနိတ်တာမက်ကိန်းသည် မဲဆန္ဒနယ်ကြီးများဖြစ်သော ကယ်လီဖိုးနီးယားနှင့် နယူးယောက်တို့တွင် အနိုင်ရရှိသွားသည်။ မိုက်ဟက်ကာဘီသည် မျှော်မှန်းထားသည်ထက် ရလဒ်ကောင်းများကို ရရှိခဲ့သည်။

ဒီမိုကရက်တစ်ပါတီမှ ယှဉ်ပြိုင်သူများကို ကြည့်မည်ဆိုပါက ဟီလာရီကလင်တန်သည် ပြည်နယ်ကြီးများဖြစ်သော နယူးယောက်နှင့် ကယ်လီဖိုးနီးယားတို့တွင် အနိုင်ရရှိထားသည်။ ဘာရက်အိုဘားမားမှာမူ မဲဆန္ဒနယ် ၁၃ နေရာ၌ အနိုင်ရရှိထားပြီးဖြစ်သည်။

ဖေဖော်ဝါရီ ၅ရက်က ကျင်းပသည့်ပွဲသည် နိုဝင်ဘာ၌ကျင်းပမည့် ရွေးကောက်ပွဲကြီးမတိုင်မီပြုလုပ်သော အရေးအပါဆုံး အကြိုအခြေခံအဆင့် ရွေးချယ်ပွဲပင်ဖြစ်သည်။ မက်ကိန်းက အနိုင်ရရှိလိုက်သည့်အတွက် ၎င်း၏ အဓိကပြိုင်ဘက် မစ်ရွမ်းနေးမှာ အထိနာသွားပြီဖြစ်သည်။ **အင်တာနက်။**

အမေရိကန်နိုင်ငံ၏ နိုဝင်ဘာ သမ္မတရွေးကောက်ပွဲအဆင့်သို့ တက်လှမ်းရန် ခြေလှမ်းပြင်နေသော အိုဘားမား။

(ဓာတ်ပုံ-အင်တာနက်)



ရီ ပတ် ဘ လီ ကန်ပါတီမှ သမ္မတလောင်း ဖြစ်လာရန် သေချာ သလောက် ဖြစ်နေသူ ဂျွန်မက်ကိန်း။ (ဓာတ်ပုံ-အင်တာနက်)

အိမ်ဖြူတော်အတွက် ခြေလှမ်းပြင်နိုင်ရေး တာစူနေသော ဟီလာရီကလင်တန်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တောင်ပိုင်းပြည်နယ်လေးခု၌ လေဆင်နှာမောင်းတိုက်ခတ် ၅၀ကျော်သေဆုံးပြီး အိမ်နှင့်ကားများ အများအပြားပျက်စီး

အတ်ကင်းစ် ဖေဖော်ဝါရီ ၆

အမေရိကန်နိုင်ငံ တောင်ပိုင်းပြည်နယ်လေးခုတွင် ဖေဖော်ဝါရီ ၅ ရက်က ပြင်းထန်သော လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်သွားရာ လူ ၅၀ကျော် သေဆုံးသွားကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။

လေဆင်နှာမောင်း တိုက်ခတ်သွားသော ပြည်နယ်များမှာ အာကင်ဆတ်စ်၊ မစ္စစ္စပီ၊ တင်နက်ဆီနှင့် ကင်တပ်ကီ ပြည်နယ်များဖြစ်သည်။ လေဆင်နှာမောင်း တိုက်ခတ်သွားပြီးနောက် တင်နက်ဆီပြည်နယ်ရှိ ဓာတ်ဆီဆိုင်တစ်ဆိုင်တွင် မီးလောင်မှုဖြစ်ပွားသည်။ ထို့ပြင် အိမ်များ၊ ကားများလည်း အများအပြား ပျက်စီးခဲ့သည်။

လေဆင်နှာမောင်းတိုက်နေစဉ်အတွင်း ယင်းပြည်နယ်ရှိ တက္ကသိုလ်ကျောင်းဆောင်တွင် ကျောင်းသားအချို့မှာ ပိတ်မိနေခဲ့ကြသည်။ မကြာသေးမီလများအတွင်းက ဂျက်ဆင်၊ အောက်စ်ဖို့ဒ်နှင့် မစ္စစ္စပီဒေသများအတွင်း လေဆင်နှာမောင်း အနည်းဆုံး ခြောက်ကြိမ်မျှ ကျရောက်ခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။ ယခု နောက်ဆုံးတိုက်ခတ်ခဲ့သော လေဆင်နှာမောင်းကြောင့် အာကင်ဆတ်စ်ပြည်နယ်မှ အနည်းဆုံး ၁၁ ဦး၊ တင်နက်ဆီပြည်နယ်မှ၁၃ဦးနှင့်ကင်တပ်ကီပြည်နယ်မှ ခုနစ်ဦးတို့ သေဆုံးကြောင်း အာဏာပိုင်များက ပြောကြားသည်။ ထောင်နှင့်ချီရှိသော ပြည်သူများမှာလည်း လျှပ်စစ်ဓာတ်အားများ ပြတ်တောက်သွားသည့်အဖြစ်နှင့် ကြုံနေရသည်။ အာကင်ဆတ်စ်ပြည်နယ် အတ်ကင်းစ်မြို့မှ မိဘနှစ်ဦးနှင့် ၁၁ နှစ်အရွယ် သမီးတို့မှာ လေဆင်နှာမောင်းဒဏ်ကြောင့် သေဆုံးခဲ့ရသည်။ လေမုန်တိုင်းဒဏ်ခံရသော ဒေသများ၌ ကယ်ဆယ်ရေးလုပ်သားများက ဒုက္ခရောက်နေသူများအား လိုက်လံရှာဖွေကယ်ဆယ်နေကြဆဲဖြစ်သည်။

အင်တာနက်။

အမေရိကန်တွင် လေဆင်နှာမောင်းဒဏ်ကြောင့်ပျက်စီးသွားသော ကင်တပ်ကီပြည်နယ်မှ အဆောက်အအုံတစ်ခုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆိုမာလီယာ ပင်လယ်ဓားပြများ သင်္ဘောသားများကို ဖမ်းဆီး

မော်စကို ဖေဖော်ဝါရီ ၆

အာဖရိက ဦးချိုဒေသ ကမ်းလွန်တစ်နေရာတွင် ခုတ်မောင်းနှင်လာသည့်သင်္ဘောမှ ဗြိတိသျှမာလိန်မှူးနှင့် ရုရှားသင်္ဘောသားများကို ဆိုမာလီယာနိုင်ငံမှ ပင်လယ်ဓားပြများက ဖမ်းဆီးထားကြောင်း သင်္ဘောပိုင်ရှင်၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

စဗစ်ဓာကော်ဆာကော့ဗ် အမည်ရှိ ရုရှား ဆွဲသင်္ဘောသည် ရုရှားနိုင်ငံ၏ ပစိဖိတ်ကမ်းခြေသို့ ဦးတည်မောင်းနှင်လာစဉ် ပင်လယ်ဓားပြများက သောကြာနေ့တွင် သိမ်းယူခဲ့သည်။

ယင်းသင်္ဘောပေါ်တွင် ရုရှားသင်္ဘောသားလေးဦး၊ အိုင်ယာလန်နိုင်ငံသား အင်ဂျင်နီယာချုပ်တစ်ဦးနှင့် ဗြိတိသျှ မာလိန်မှူးတစ်ဦးတို့ စီးနင်းလိုက်ပါလာခဲ့သည်။

မိမိတို့အနေဖြင့် သင်္ဘော၏ အကြီးအကဲ၊ ပင်လယ်ဓားပြများနှင့် အဆက်အသွယ်ပြုလုပ်ခဲ့သည်ဟု သင်္ဘော၏ ပြောရေးဆိုခွင့်ရှိသူ ပက်ထရစ်အဒမ်ဆမ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

➲ ကျောဖုံးမှအဆက်

မြန်မာနိုင်ငံ၏ ငါးနှစ်အောက်ကလေးသေနှုန်းသည် ကလေးအရှင်မွေး ၁၀၀၀တွင် ၁၀၄ ဦးနှုန်းရှိသည်ဟု ဖော်ပြထားပြီး အာရှဒေသအတွင်း အာဖဂန်နစ္စတန်နိုင်ငံပြီးလျှင် မြန်မာနိုင်ငံသည် ငါးနှစ်အောက်ကလေးသေနှုန်း ဒုတိယလိုက်နေသည်ဟု မြန်မာနိုင်ငံ UNICEFမှ Health and Nurtrition Section Chief ဖြစ်သည့် Dr.Osamu Kuniiက ပြောဆိုသည့်အကြောင်းကို ကမ္ဘာ့သတင်းစာအချို့၌ ပါရှိလာကြောင်း။

ယင်းကိစ္စနှင့်ပတ်သက်ပြီး Dr. Osamu Kuniiက UNICEFမှ ထုတ်ပြန်ခဲ့သည့် Annual Reportနှင့် ပတ်သက်ပြီး သတင်းစာအချို့က လွဲမှားဖော်ပြခဲ့ရုံမက ၎င်းကိုယ်တိုင်မပြောခဲ့သည့်စကားများကို သတင်းဌာနအချို့က ကိုးကားဖော်ပြခဲ့သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ထိပါးစေမှုများဖြစ်သွားပါက စိတ်မကောင်းဖြစ်ရပါကြောင်းကို တောင်းပန်စာ ပေးပို့လာကြောင်း။

အမှန်တကယ်တွင် ၂၀၀၇ခုနှစ်အတွက် UNICEF နှင့် WHO (SEARO) တို့မှ ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းများ အတော်ကွာခြားနေသည်ကိုတွေ့ရကြောင်း၊ မြန်မာနိုင်ငံ၏ ငါးနှစ်အောက်ကလေးသေနှုန်းမှာ UNICEFစာရင်း၌ အရှင်မွေးကလေး တစ်ထောင်တွင် ၁၀၄ ဦး ဖြစ်နေသော်လည်း WHO (SEARO) စာရင်း၌ ၆၆ ဒသမ ၁ ဦးသာ ဖြစ်ကြောင်း၊ အရှေ့တီမောနိုင်ငံ (Timor-Leste) မှာ UNICEF၏ ထုတ်ပြန်ချက်၌ ငါးနှစ်အောက် သေဆုံးမှုနှုန်းမှာ အရှင်မွေးတစ်ထောင်မှာ ၅၅ ဦးဟု ဖော်ပြခဲ့ပြီး WHO (SEARO)၏ ကိန်းဂဏန်း၌ ၁၃၀ ရှိသည်ဟု ဖော်ပြထားကြောင်း၊ ၎င်းတို့ကို ကြည့်လျှင် UN အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု ကိန်းဂဏန်းတူညီမှု မရှိသည်ကို တွေ့ရှိနိုင်မှာဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် ရှိသမျှအင်အားနှင့်အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပြီး UNICEF, WHOစသည့်UNအဖွဲ့အစည်းများ၊INGOအဖွဲ့အစည်းများ၊ ပြည်တွင်းအင်အားစုဖြစ်သည့် NGO အဖွဲ့အစည်းများနှင့် ရင်းရင်းနှီးနှီး ထိထိရောက်ရောက် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြည်သူတစ်ရပ်လုံး၏ အကူအညီနှင့် အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက်အောင်မြင်မှုများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားရန်နှင့် လူနာနှင့်မိသားစုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အနာကြီးရောဂါကင်းဝေးရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲတွင် အထက်တန်းအဆင့်ပြိုင်ပွဲ၌ ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဝန်ကြီး ဒေါက်တာကျော်မြင့်က လည်းကောင်း၊ အလယ်တန်းအဆင့်ပြိုင်ပွဲ၌ ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက လည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး အနာကြီးရောဂါကင်းဝေးရေး အသိပညာပေး ဗီဒီယိုဇာတ်လမ်းကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တက်ရောက်လာကြသူများက အနာကြီးရောဂါကင်းဝေးရေးနှင့် လူနာများအား ကိုယ်အင်္ဂါချို့ယွင်းမှုကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာပြခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြ၍ ဒုတိယပိုင်းအစီအစဉ်အဖြစ် အနာကြီးရောဂါကင်းဝေးရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

(သတင်းစဉ်)

သခ္ခါရကို သိမြင်ဆင်ခြင်ပါ

လူမိုက်တို့သည် ဤလောက၌ မိမိတို့ အမြဲမနေ၊ သေရဦးမည်ကို မအောက်မေ့၊ မဆင်ခြင်ဘဲ၊ ခိုက်ရန်ပွားကုန်၏။

ပညာရှိတို့သည်ကား မိမိတို့ အမြဲမနေ၊ သခ္ခါရကို သိမြင်ဆင်ခြင်ကြ၍ သူမိုက်တို့ကို မတုဘဲ၊ ခိုက်ရန်ငြိမ်းအောင် ပြုမူနေထိုင်ကြကုန်၏။ (ဓမ္မပဒ ၆)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော် ဟိုတယ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များ ဝန်ကြီးဗိုလ်ချုပ်စိုးနိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၆

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဖေဖော်ဝါရီ ၄ရက် နံနက်ပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၊ သင်္ဂဟဟိုတယ်နှင့် မြတ်တော်ဝင်ဟိုတယ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရွှေညော့သည်ဟိုတယ်၊ ရွှေမြန်မာဟိုတယ်၊ ကုမုဒြာဟိုတယ်နှင့် IGF ဟိုတယ်တည်ဆောက်ရေး စီမံကိန်းကတာဝန်ယူ တည်ဆောက်လျက်ရှိသည့် အမရဟိုတယ် တည်ဆောက်ရေးစီမံကိန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကမ္ဘာအေးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဆဌသင်္ဂါယနာ ကမ္ဘာအေးကုန်းမြေရှိ သီရိမင်္ဂလာ ကမ္ဘာအေး စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၅၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲ တော်ကို ဖေဖော်ဝါရီ ၁၃ရက်မှ ၁၇ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပွဲတော်တွင် ဖေဖော်ဝါရီ ၁၃ရက်မှ ၁၇ရက်အထိ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ဖေဖော်ဝါရီ ၁၄ရက် ညတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ရွှေဝါဝင်းအငြိမ့်ဖျော်ဖြေပွဲ၊ ဖေဖော်ဝါရီ ၁၅ရက်နှင့် ၁၆ရက် ညများတွင် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့မှ ခြင်းပညာရှင်များ၏ မြန်မာ့ရိုးရာခြင်းအလှခတ်ကစားပွဲ၊ ဖေဖော်ဝါရီ ၁၇ရက် နံနက် ၈နာရီခွဲတွင် စေတီတော်ရင်ပြင်တော်၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် ဩဝါဒါစရိယဆရာတော်ကြီးများ ဦးဆောင်၍ ပင့်သံဃာ ၁၀၈ပါးနှင့် သီလရှင် ၃၁ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ကျွမ်းကျင်(၂)ရာထူးအတွက် စာမေးပွဲစစ်ဆေးမည့်နေ့ရက်ကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် ခေါ်ယူထားသော အသံလွှင့်ကျွမ်းကျင်(၂)/အသံလွှင့်ကျွမ်းကျင်(၂) (ကချင်၊ ကယား၊ စကောကရင်၊ မွန်၊ ရခိုင်၊ ရှမ်း)/အသံလွှင့်ကျွမ်းကျင်(၂) (လွှင့်သံထောက်)/ရုပ်သံကျွမ်းကျင်(၂)/အီလက်ထရောနစ်ကျွမ်းကျင်(၂)/ကျွမ်းကျင်(၂) (ကွန်ပျူတာ)ရာထူးများ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၃ရက်(စနေနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ အထက(၁)စမ်းချောင်း ရန်ကုန်မြို့၌ကျင်းပမည်ဖြစ်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတစစ်ဆေးမည်ဖြစ်သည်။

မိမိဖြေဆိုရမည့် ခုံအမှတ်များကို ဖေဖော်ဝါရီ ၂၀နှင့် ၂၁ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ကိုယ်တိုင်လာရောက်သတင်းပို့ပြီး ရယူရမည်ဖြစ်သည်။

စာမေးပွဲလာရောက်ဖြေဆိုသူများသည် စာမေးပွဲဖြေဆိုမည့်နေ့တွင် ပညာအရည်အချင်း အောင်လက်မှတ်မူရင်း၊ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း အောင်လက်မှတ်မူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၂-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၂၀** ၃။ အမျိုးသားရေးတေးကဗျာ
- **၄:၃၀** ၄။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၄၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- **၅:၀၀** ၆။ အမျိုးသားရေးတေးကဗျာ
- **၅:၂၀** ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- **၅:၃၀** ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ **ကာတွန်းအစီအစဉ် "ငါးကလေးရဲ့စွန့်စားခန်း" အပိုင်း(၂၀)**
- **၆:၃၅** ၁၃။ အမျိုးသားရေးတေးကဗျာ
- **၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပုံရိပ်ပမာ (အပိုင်း-၆၉)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စည်းခြားထားတဲ့အချစ် (အပိုင်း-၃)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်၌ ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

(၁၆)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၈ ရက်အထိ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၌ ကျင်းပမည်ဖြစ်ရာ သုတေသနစာတမ်း ၄၆ စောင်၊ သုတေသနလုပ်ဆောင်ချက်ပိုစတာ ၁၁ ခု၊ ပညာရပ်ဆိုင်ရာ ဟောပြောပို့ချမှု ၁၁ ခု၊ ဆေးပညာပြောင်းလဲတိုးတက်မှုများနှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးပွဲလေးခုနှင့် ကုသမှုနှင့် ရောဂါဗေဒဆိုင်ရာဆွေးနွေးပွဲ တစ်ခုတို့ကို ပြည်တွင်း/ပြည်ပမှ သုတေသီများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ သုတေသီများနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူ/ဆေးမှူးများ၊ သူနာပြုအရာရှိများက ဖတ်ကြားတင်သွင်း ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူ/ဆေးမှူးများ၊ သူနာပြုအရာရှိများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ တက်ရောက်လိုပါက တပ်မတော်ဆေးတက္ကသိုလ် ဖုန်း-၀၃၁ ၃၅၀၆၃၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ဖုန်း-၀၃၁ ၃၅၂၄၇၊ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) ဖုန်း-၀၃၁ ၃၀၂၇၇ နှင့် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ဖုန်း-၀၃၁ ၃၅၁၀၉တို့သို့ အသီးသီးဆက်သွယ်၍ ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက်အထိ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပြီး အလုပ်သင်ဆရာဝန်များ၊ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ သင်တန်းသားများ၊ သူနာပြုများနှင့် စိတ်ပါဝင်စားသူများလည်း တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ချဒ်နိုင်ငံ အင်ဂျာမီနာလေဆိပ်၌ တိုက်ပွဲများဖြစ်ပွားပြီး မီးခိုးများတက်နေသည်ကို ဖေဖော်ဝါရီ ၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ချဒ်အစိုးရက သူပုန်များကို ပြန်လည်တိုက်ထုတ်

အင်ဂျာမီနာ ဖေဖော်ဝါရီ ၅

ချဒ်သမ္မတ၏ သစ္စာခံ တပ်ဖွဲ့များက မြို့တော်အင်ဂျာမီနာကို ဝိုင်းထားသော သူပုန်များကို ဖေဖော်ဝါရီ ၃ ရက်က ပြန်လည် တိုက်ထုတ်လိုက်ကြောင်း အစိုးရက ပြောကြားသည်။

ပူးပေါင်း

ဆူဒန်နိုင်ငံနယ်စပ်အနီး ဒါဖာဒေသ ဒုက္ခသည်စခန်းရှိ အက်ဒရီမြို့တွင် တိုက်ခိုက်မှုနှင့် ဖေဖော်ဝါရီ ၃ ရက်က နိုင်ငံ၏ အရှေ့ဘက်တွင် သူပုန်များ စစ်မျက်နှာသစ်ဖွင့်ကာ တိုက်ခိုက်မှုတို့တွင် ဆူဒန်တပ်ဖွဲ့နှင့် သူပုန်တပ်ဖွဲ့များ ပူးပေါင်းပြီး မြေပြင်နှင့် လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ချဒ်စစ်ဘက်က ပြောကြားသည်။

နိုင်ငံအရှေ့ဘက်တွင် ဆူဒန်တပ်ဖွဲ့များက ဝင်ရောက်တိုက်ခိုက်သည့် အတွက်စစ်ကြေညာသည်ဟု သတ်မှတ်ရမည်ဖြစ်ကြောင်း ချဒ်စစ်ဘက်က ပြောဆိုသည်။

ငြင်းဆို

ချဒ်သမ္မတသည် ၁၈ နှစ်ကာလအတွင်း အာဏာရှင်ဆန်စွာ အုပ်ချုပ်နေမှုကြောင့် ချဒ်သူပုန်အုပ်စုက ပြန်လည်တိုက်ခိုက်ခြင်းပင် ဖြစ်သည်ဆိုသော စွပ်စွဲချက်နှင့်စပ်လျဉ်း၍ ဆူဒန်အစိုးရက ၎င်း၏စွပ်စွဲချက်ကို ငြင်းဆိုခဲ့သည်။ မြို့တော်အင်ဂျာမီနာတွင် အစိုးရနှင့်သူပုန်တပ်ဖွဲ့များအကြား တိုက်ပွဲများဖြစ်ပွားနေသဖြင့် ပြည်သူထောင်ပေါင်းများစွာနှင့် နိုင်ငံခြားသားများသည် ကင်မရွန်းနှင့် နိုင်ဂျီးရီးယားနိုင်ငံများသို့ ထွက်ပြေးခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဗုံးဖောက်ခွဲရန်ကြံစည်သူများအား ကူညီသူများကို ပြစ်ဒဏ်ချမှတ်

လန်ဒန် ဖေဖော်ဝါရီ ၅

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ၂၀၀၅ ခုနှစ် ဇူလိုင် ၂၁ရက်က မအောင်မြင်ခဲ့သည့် ဗုံးဖောက်ခွဲသူများကို ကူညီသူ ငါးဦးတို့အား ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ဖေဖော်ဝါရီ ၅ ရက်တွင် ဖော်ပြသည်။

၎င်းတို့ ငါးဦးသည် ဗုံးဖောက်ခွဲရန်ကြံစည်သူများကို တည်းခိုခွင့်ပြုခြင်း၊ နိုင်ငံကူးလက်မှတ် ပြုလုပ်ပေးခြင်း၊ အဝတ်အစားနှင့် စားနပ်ရိက္ခာ ပေးကမ်းခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ကြောင်း ကင်းစတုန်းကရောင်းတရားရုံးက စစ်ဆေးတွေ့ရှိခဲ့သည်ဟု ဘီဘီစီက ကြေညာသည်။

၎င်းတို့ငါးဦးသည် အသက် (၂၀) နှစ်မှ(၃၀)နှစ်ကျော် ဝန်းကျင်ကြားရှိပြီး လန်ဒန်မြို့တွင် နေထိုင်သူများဖြစ်သည်။ ၎င်းတို့ကို ပြစ်ဒဏ်ခုနစ်နှစ်မှ ၁၇နှစ်အထိ ချမှတ်ခဲ့သည်။

ယင်းတိုက်ခိုက်မှုတွင် ပြစ်မှုတိုက်ရိုက် ကျူးလွန်သူများအား ၂၀၀၇ခုနှစ်ကတည်းက ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်ခဲ့ပြီး ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အစ္စရေးလေကြောင်းတိုက်မှုကြောင့် ပါလက်စတိုင်း စစ်သွေးကြွခေါင်းဆောင် သေဆုံး

ဂါဇာ ဖေဖော်ဝါရီ ၅

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း ဘစ်လာဟီမြို့အနီးတွင် ပါလက်စတိုင်းတို့ မောင်းနှင်လာသည့်ကားကို အစ္စရေးက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း စစ်သွေးကြွခေါင်းဆောင်တစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိကြောင်း မီဒီယာများနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အဘူအယ်လ်ဆတ်ဟု လူသိများသည့် အာမာကွာမော့တ်သည် ဂါဇာကမ်းမြောင်ဒေသရှိ ပြည်သူ့တော်လှန်ရေးကော်မတီ(ပီအာရ်စီ)၏ ထင်ရှားသော ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ၎င်းအုပ်စုက အဘူအယ်လ်ဆတ် သေဆုံးရသည့်အတွက် ဝမ်းနည်းကြေကွဲရကြောင်း ပြောကြားသည်။ ဖေဖော်ဝါရီ ၄ ရက် စောစောပိုင်းက အစ္စရေးနိုင်ငံတောင်ပိုင်း ဒီမွန်နာမြို့ကို ပါလက်စတိုင်း ဖာတာအုပ်စုက အသေခံဗုံးများ ဝင်ရောက်ဖောက်ခွဲတိုက်ခိုက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကန်တပ်ဖွဲ့ မှားယွင်းပစ်ခတ်၍ အီရတ်အရပ်သားကိုးဦး သေဆုံးရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၅

အမေရိကန်တပ်ဖွဲ့များသည် အီရတ်နိုင်ငံရှိ အယ်လ်ခိုင်ဒါ အကြမ်းဖက်တပ်ဖွဲ့ဝင်များကို နှိမ်နင်းနေစဉ်အတွင်း မှားယွင်းပစ်ခတ်သည့်အတွက် အီရတ်ကိုးဦးသေဆုံးသွားကြောင်း စစ်ဘက်သတင်းကဖော်ပြသည်။

ထိုမတော်တဆမှုသည် ဘဂ္ဂဒက်တောင်ပိုင်း ကီလိုမီတာ ၅၀ အကွာရှိ အစ္စကန်ဒရီယာမြို့တွင် ဖေဖော်ဝါရီ ၂ရက်က ဖြစ်ပွားကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

သီရိ လင်္ကာ နိုင်ငံ ဒမ်ဆူလာ အ ရပ် တွင် ဗုံး ပေါက် ကွဲ မှု ဖြစ် ပွား ပြီး နောက် ပျက် စီး သွား သော ဘတ်စ် ကား ကို ဖေဖော်ဝါရီ ၃ ရက်က တွေ့ရ စဉ်။

(ဓာတ်ပုံ- အင်တာနက်)

အီးယူ နိုင်ငံခြားရေးမူဝါဒအကြီးအကဲ ခရီးစဉ်ကို ဟားမတ်စ်အဖွဲ့က ဝေဖန်

ဂါဇာ ဖေဖော်ဝါရီ ၆

ဂါဇာကမ်းမြောင်ရှိ အထင်ကရနယ်စပ်ဖြတ်ကူးလမ်းပြန်လည်ဖွင့်လှစ်ရေးအတွက် ဆွေးနွေးရန် ဥရောပသမဂ္ဂ (အီးယူ) နိုင်ငံခြားရေးမူဝါဒအကြီးအကဲ ဖေဗီယာဆိုလာနာနှင့် အရှေ့အလယ်ပိုင်း လေးနိုင်ငံဆိုင်ရာ သံတမန်တိုနီဘလဲတို့၏ အရှေ့အလယ်ပိုင်းခရီးစဉ်ကို အစ္စလမ္မစ်တော်လှန်ရေးလှုပ်ရှားမှုအဖွဲ့(ဟားမတ်စ်)က ဝေဖန်တိုက်ခိုက်လိုက်သည်။

၎င်းတို့ လာရောက်သည့် အကြံအစည်သည် ဂါဇာကမ်းမြောင်ကို ဆက်လက်ပိတ်ဆို့ထားမည့် အကြံသစ်ပင်ဖြစ်ကြောင်း၊ လူဖြတ်ကူးလမ်းကို စောင့်ကြည့်လေ့လာနေသည့် အစ္စရေး၏ ဝင်ရောက်စွက်ဖက်မှုအစီအစဉ်ကို လမ်းလွှဲစေသည့် အစီအစဉ်ဖြစ်ကြောင်း၊ ရာဖာလူဖြတ်ကူးလမ်းကို ဖွင့်လှစ်ရန် ဟားမတ်စ်အဖွဲ့က မကြိုးပမ်းမီ လမ်းကိုဖြတ်တောက်ပိတ်ဆို့ရန် ရည်ရွယ်သည့် ခရီးစဉ်ဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဆာမီအဘူဇူရီက ရှင်းလင်းပြောကြားသည်။

ဟားမတ်စ်အဖွဲ့က ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်၏ တပ်ဖွဲ့ဝင်များထံမှ ဂါဇာကမ်းမြောင်ကို အတင်းအဓမ္မ သိမ်းယူခဲ့ပြီး ဂါဇာ-အီဂျစ်နယ်စပ် လူဖြတ်ကူးလမ်းကို ဇွန်လအတွင်းက ပိတ်ပင်ခဲ့သည်။

အစ္စရေးတပ်ဖွဲ့ဝင်များ ဂါဇာကမ်းမြောင်မှ ၂၀၀၅ ခုနှစ်တွင် ရုပ်သိမ်းသွားပြီးနောက် ရာဖာလူဖြတ်ကူးလမ်းကို အမေရိကန် ကမကထပြုသည့် သဘောတူညီချက်အရ အီးယူစောင့်ကြည့်လေ့လာသူများ၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံတွင် ကုန်ရထားလမ်းချော် အိမ်များပျက်စီး ခြောက်ဦးသေဆုံး

ပေကျင်း ဖေဖော်ဝါရီ ၅

တွဲ ၁၇ တွဲ ပါသည့် ကုန်တင်ရထားတစ်စီးသည် တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် တနင်္လာနေ့က လမ်းချော်သဖြင့် အိမ်ခြေအများအပြား ပျက်စီးပြီး ဈေးဝယ်နေသူ ခြောက်ဦးတို့ သေဆုံးခဲ့ကြောင်း သတင်းဌာနက ဖော်ပြသည်။

ယူနန်ပြည်နယ် ကူဂျင်းဒေသတွင် နံနက်အရုဏ်အချိန်က ယင်းမတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယူနန်ပြည်နယ်၏မြို့တော် ကူမင်းနှင့် ဂွိဆူးပြည်နယ်မှ ဂွိယန်မြို့တို့ ဆက်သွယ်ထားသည့် မီးရထား လမ်းပေါ်မှ အဆိုပါကုန်ရထားသည် အရှိန်မထိန်းနိုင်ဘဲ ချော်ခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူများကို ကိုးကား၍ သတင်းဌာနက ဖော်ပြသည်။

ရထားတွဲများ ပျက်စီးကုန်ပြီး တွဲများ လမ်းချော်ခဲ့သည်ဟု သတင်းဌာနက ဖော်ပြသော်လည်း မတော်တဆဖြစ်မှု၏အကြောင်းရင်းကို သတင်းဌာနက ဖော်ပြခြင်းမရှိပေ။

အမ်အင်အေ၊ရိုက်တာ။

အစ္စရေးနိုင်ငံ ဒီမိုနာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသွားသောနေရာကို ဖေဖော်ဝါရီ ၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အစ္စရေး၌ဖြစ်ပွားသည့် ဗုံးပေါက်ကွဲမှု ပါလက်စတိုင်းနှစ်ဖွဲ့က ၎င်းတို့လက်ချက်ဟုကြေညာ

ဂျေရုဆလင် ဖေဖော်ဝါရီ ၆

အစ္စရေးနိုင်ငံတောင်ပိုင်း ဒီမိုနာမြို့တွင် ဖေဖော်ဝါရီ ၅ ရက်က ဖြစ်ပွားသော ဗုံးနှစ်လုံးဆင့်၍ ပေါက်ကွဲသွားသောဖြစ်ရပ်သည် မိမိတို့လက်ချက်ဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့၏ စစ်ဘက်အဖွဲ့ခွဲက ထုတ်ဖော်ကြေညာသည်။

လွန်ခဲ့သော သုံးနှစ်ကျော်ကာလကတည်းက ဗုံးခွဲတိုက်ခိုက်မှုများကို ကာဇမ်ဖွဲ့က ရပ်ဆိုင်းထားခဲ့သည်။ ဟားမတ်စ်တို့၏ လက်နက်ကိုင်အဖွဲ့ခွဲဖြစ်သည့် ထိုအဖွဲ့သည် ယခုတိုက်ခိုက်မှုဖြင့် တစ်ဖက်သတ်ရပ်စဲထားသည့် တိုက်ခိုက်မှုကို ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း ပြသလိုက်သည်။

မူလက ယခုဖြစ်ပွားသည့် ဗုံးဖောက်ခွဲမှုများ၏ လက်သည်သည် ဂါဇာမှလာသည်ဟု ယူဆထားသည်။ သို့သော် ဟားမတ်စ်တို့က ယင်းကိစ္စကို ကြေညာရာ၌ ဗုံးဖောက်ခွဲသူများသည် အနောက်ဘက်ကမ်းခြေဒေသ ဟီဘရွန်မြို့မှလာကြောင်း ကြေညာသွားသည်။

လွန်ခဲ့သော ၁၁ရက်က အီဂျစ်နှင့် ဂါဇာအကြား ကာရံထားသော နယ်စပ်တံတိုင်း ကျိုးပေါက်သွားခဲ့သည်။ ထိုနယ်စပ်တံတိုင်း ကျိုးပေါက်သွားသောနေရာမှ ဗုံးဖောက်ခွဲသူသည် အစ္စရေးနိုင်ငံအတွင်း ဝင်လာဖွယ်ရာရှိသည်ဟု အစ္စရေးထောက်လှမ်းရေးများက တွက်ဆကြသည်။ ပြိုသွားသော နယ်စပ်ဝင်ပေါက်အကာအရံများကို အီဂျစ်တို့က တနင်္ဂနွေနေ့က ပြန်လည်၍ ကာရံခဲ့သည်။

ဒီမိုနာ၌ ဗုံးပေါက်ကွဲမှုတွင် ဖောက်ခွဲရေးသမား နှစ်ဦးနှင့်အတူ အစ္စရေးအမျိုးသမီးတစ်ဦးလည်း သေဆုံးသွားသည်။ ထိုပေါက်ကွဲမှုဖြစ်ပွားပြီးမကြာမီမှာပင် ဖာတာအုပ်စုနှင့် အဆက်အသွယ်ရှိသည့် အက်စ်ဆာတပ်ဖွဲ့ကလည်း ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း ကြေညာခဲ့သည့်အတွက် ယခုကိစ္စတွင် မည်သူ့လက်ချက်အမှန်ဖြစ်ကြောင်း မသိရဘဲ ရှုပ်ထွေးလျက်ရှိသည်။ အစ္စရေးအရာရှိများကမူ ယခုအမှုကို ဆက်လက်စုံစမ်းလျက်ရှိသည်။ ***အင်တာနက်။***

❖ ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြပြီး လက်ဖက်ဧက ၃၀၀၀ ကျော်နှင့် ခြံစည်းရိုးကြက်ဆူဧက နှစ်သောင်းကျော် စိုက်ပျိုးပြီးစီးမှု၊နွားနောက် အကောင် ၄၀၀၀ ကျော် မွေးမြူထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ချင်းပြည်နယ်သို့ လာရောက်သည့် ခရီးစဉ်၏ ရည်ရွယ်ချက်များ၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများ၊ ချင်းပြည်နယ်၌ ဒေသဝမ်းစာဖူလုံရေး၊ လက်ဖက်ပြည်နယ်အဖြစ် ခိုင်ခိုင်မာမာဖြစ်ပေါ်ရေး၊ ဒေသခံ ပြည်သူများ၏ လူနေမှုဘဝ မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ရေးတို့ကို ရှင်းလင်းပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တီးတိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့အတွက် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း တာဝန်ရှိသူများအား ပေးအပ်ပြီး တီးတိန်မြို့နယ်အတွက် ဝန်ကြီးဌာနအသီးသီး၏ လက်ဆောင်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် တီးတိန်မြို့မှ တွန်းဖဲမြို့နယ် ကျီခါးမြို့သို့ ရောက်ရှိကြပြီး နယ်စွန်နယ်ဖျား ကျီခါးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ဌာနဆိုင်ရာ အဆောက်အအုံရုံးများ ဆောက်လုပ်ပြီးစီးမှုအခြေအနေတို့ကိုလည်းကောင်း၊ (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ရေဒီယိုကြေးနန်းရုံးကို ဝင်ရောက်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ကျီခါးမြို့ အုပ်ချုပ်ရေးရုံး၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအားတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို မေးမြန်းရာ ဗိုလ်ချုပ်ခင်ဇော်က ကျီခါးမြို့ အခြေအနေနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် တာဝန်ရှိသူများအား ကျီခါးမြို့အတွက် လက်ဆောင်ပစ္စည်းများ၊ ထောက်ပံ့ငွေများကို ပေးအပ်ပြီး နယ်စွန်နယ်ဖျား နယ်စပ်မြို့ဖြစ်သည်နှင့်အညီ ညီညီညွတ်ညွတ်၊ တိုင်တိုင်ပင်ပင် ချစ်ချစ်ခင်ခင် နေထိုင်ရေး၊ မြို့အင်္ဂါရပ်နှင့် ညီညွတ်စွာ မြို့ကိုထူထောင်ရေး၊ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေးကို ဂရုပြု စောင့်ရှောက်ရေး၊ အုပ်ချုပ်ရေးယန္တရားကို လက်တွေ့ကျကျထူထောင်ပြီးဖြစ်၍ ဒေသခံများအား ကူညီစောင့်ရှောက်ရေး၊ တရားဥပဒေစိုးမိုးမှု ခိုင်မာရေး၊ အုပ်ချုပ်ရေးစနစ် ထိရောက်ပီပြင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်သင့်သည်များကို ရှင်းလင်းမှာကြားသည်။

ထိုမှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် တွန်းဖဲမြို့သို့ ရောက်ရှိကြပြီး (၁၆) ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကြရာ မြို့နယ်ဆရာဝန်နှင့် ဆရာမများက လိုက်လံရှင်းလင်းပြသကြပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ဆေးရုံနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် မြို့နယ်ခန်းမသို့ သွားရောက်၍ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက နိုင်ငံတော်အဆင့် တာဝန်ရှိသူများ တွန်းဖဲမြို့သို့ရောက်ရှိစဉ် မှာကြားဖြည့်ဆည်းပေးခဲ့မှုများကို အခြေခံ၍ ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ ပိုးစာပင်ဧက ၂၀၀ ကျော်နှင့် လက်ဖက်ဧက ၁၄၀၀ခန့် စိုက်ပျိုးပြီးစီးမှုများ၊ နွားနောက် ၁၂၀၀ ခန့် မွေးမြူထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှုကို ခေတ်မီကုန်းမြင့်လယ်ယာစိုက်ပျိုးမှုဖြင့် အစားထိုးပြီး စားနပ်ရိက္ခာဖူလုံအောင် ဆောင်ရွက်ရေး၊ လက်ဖက်တိုးချဲ့စိုက်ပျိုးရေး၊ နွားနောက်တိုးချဲ့မွေးမြူရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက် လိုအပ်သည်များကို ရှင်းလင်းမှာကြားပြီး လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများအား လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် တီးတိန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီတွင် တီးတိန်မြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ကျောင်းအုပ် ဒေါ်အေးမေနှင့် ဆရာမများက ဒေသခံတိုင်းရင်းသူများအတွက် သိုးမွေးစက်ဆွဲ အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း၊ ကြိမ်လုပ်ငန်း၊ ဝါးလုပ်ငန်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းသူများ၏ လက်တွေ့ လေ့ကျင့်သင်ယူနေမှုများနှင့် သင်တန်းသူများ၏ လက်ရာပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့သွားရောက်၍ သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံအားပေးနှုတ်ဆက်ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက သင်တန်းသား၊ သင်တန်းသူများ လက်ခံနိုင်မှုနှင့် လေ့ကျင့်သင်ကြားပို့ချပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို အားပေးမှာကြားပြီး သင်တန်းကျောင်း နှစ်ကျောင်းအတွက် ထောက်ပံ့ငွေများကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ထိုမှတစ်ဆင့် တီးတိန်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် လူနာများ တက်ရောက် ဆေးကုသမှုခံယူနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ▲

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျီခါးမြို့ အုပ်ချုပ်ရေးရုံး၌ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံစဉ်။
(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တွန်းဖဲမြို့နယ်ခန်းမ၌ လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်စဉ်။
(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖလမ်းမြို့နယ် ရီခေါဒါရ်မြို့ အုပ်ချုပ်ရေးရုံး၌ အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

▲ **စာမျက်နှာ ၅ မှ**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဝန်ခံဆရာဝန်ဒေါက်တာအေးအေးမူနှင့် ဆရာဝန် ဆရာမများအား တွေ့ဆုံနှုတ်ဆက်ပြီး ကျေးလက်ဒေသအထိ ကွင်းဆင်း၍ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးကြရန်မှာကြားကာ ဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက် ၉နာရီတွင် ရဟတ်ယာဉ်များဖြင့် တီးတိန်မြို့မှ ဖလမ်းမြို့နယ် ရိခေါဒါရ်မြို့သို့ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က အုပ်ချုပ်ရေးရုံး၌ အုပ်ချုပ်ရေးမှူး ဦးဂိုးဆွမ်းခိုင်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ နယ်စပ်ဒေသကုန်သွယ်ရေး၊ ကုန်းမြင့်လယ်ယာဖော်ထုတ်စိုက်ပျိုးရေး ကိစ္စများကိုရင်းရင်းနှီးနှီးတွေ့ဆုံမေးမြန်း၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရိခေါဒါရ်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များအတွက် လက်ဆောင်ပစ္စည်းများနှင့် မြို့ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ဆက်လက်၍ ရိခေါဒါရ်မြို့ ဖွံ့ဖြိုးတိုးတက်လာမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ရိခေါဒါရ်မြို့ဆေးရုံရှေ့၌စိုက်ပျိုးထားသည့် လက်ဖက်နှင့် ခြံစည်းရိုးကြက်ဆူစိုက်ခင်းကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် ရိခေါဒါရ်မြို့ ပြည်သူ့ဆေးရုံကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကြပြီး ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများအား အားပေးစကားပြောကြားသည်။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိလာကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၆

နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပမည့်(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မြန်မာ့မီးရထားဖြင့်လည်းကောင်း၊ လေကြောင်းခရီးဖြင့်လည်းကောင်း နေပြည်တော်သို့ ရောက်ရှိလာကြသည်။

အဆိုပါ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဆပ်ကော်မတီဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက နေပြည်တော်လေဆိပ်နှင့် နေပြည်တော်ရွာတော်ဘူတာတို့၌ ကြိုဆိုကြပြီး တည်းခိုဆောင်များသို့ ပို့ဆောင်နေရာချထားပေးကြသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ထန်တလန်မြို့နယ်ခန်းမတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ရဟတ်ယာဉ်များဖြင့် ဖလမ်းမြို့သို့ရောက်ရှိကြပြီး ဖလမ်းမြို့သူနာပြုသင်တန်းကျောင်းရှိ သဇင်ဆောင်၌ ဖလမ်းခရိုင်နှင့် ဖလမ်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာ ဖလမ်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးက ဖလမ်းမြို့သို့ နိုင်ငံတော်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များရောက်ရှိစဉ် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှာကြားစီစဉ် ပေးခဲ့မှုများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများ၊ မြို့နယ်အတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍများကို အလေးထားဆောင်ရွက်ရန်လိုအပ်ပုံ၊ စိုက်ပျိုးရေးကဏ္ဍ၌ စပါးနှင့် ပြောင်းသီးနှံများတိုးချဲ့စိုက်ပျိုးပြီး ဒေသဝမ်းစာဖူလုံအောင် လုပ်ဆောင်ရန်နှင့် ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းမှုခိုင်မြဲရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရန် အရေးကြီးပုံတို့ကို ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ဖလမ်းမြို့နယ်ရှိ အသင်းအဖွဲ့များအတွက် လက်ဆောင်ပစ္စည်းများနှင့် မြို့နယ်အတွက် ထောက်ပံ့ငွေများကိုတာဝန်ရှိသူများအားပေးအပ်ပြီးတက်ရောက်လာကြသူများအားရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ကျန်းမာရေးဝန်ကြီးဌာနသူနာပြုသင်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းအုပ်နှင့် သူနာပြုသင်တန်းသူများအား နှုတ်ဆက်အားပေး၍ ခုတင်(၁၅၀)ဆံ့ဖလမ်းခရိုင်ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်ဆရာမ များအား တွေ့ဆုံ၍ ကျန်းမာရေးဆိုင်ရာ ကိစ္စများကို ကျယ်ပြန့်သော အမြင်များ ဖြင့် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ခရိုင်ပြည်သူ့ဆေးရုံနှင့် သူနာပြုသင်တန်းကျောင်းတို့အတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်ပြီး ဆက်လက်၍ခရိုင်ပြည်သူ့ဆေးရုံရှေ့ပတ်ဝန်းကျင် တောင်ကုန်း တောင်စောင်းများ၌ စိုက်ပျိုးဖြစ်ထွန်းနေသည့် လက်ဖက်ပင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထန်တလန်မြို့သို့ ရောက်ရှိကြပြီး (၁၆)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ မြို့နယ်ဆရာဝန်နှင့် ဆရာမများအား တွေ့ဆုံနှုတ်ဆက်မှာကြားပြီး ဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်သည်။

ယင်းနောက် ထန်တလန်မြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ခန်းမသို့သွားရောက်၍ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများနှင့် တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခွန်လှေထန်းက မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ နွားနောက်အကောင် ၄၇၇၀ကျော်မွေးမြူထားရှိမှုများ၊ လက်ဖက်ဧက ၁၄၀၀ကျော်စိုက်ပျိုးထားမှုများ၊ (၁၆)ခုတင်ဆံ့ မြို့နယ်ဆေးရုံကို (၂၅)ခုတင်ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ရေးကိစ္စ များအပါအဝင် မြို့နယ်အတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ထန်တလန်မြို့ အပါအဝင် ချင်းပြည်နယ်ရှိ မြို့များ၌ လျှပ်စစ်မီးရရှိလျက်ရှိသော်လည်း လုံလုံလောက်လောက် ရရှိခြင်းမရှိရာ သက်ဆိုင်ရာမြို့ပတ်ဝန်းကျင်၌ အသေးစား ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် ရေအရင်းအ မြစ်များကို ရှာဖွေဖော်ထုတ်ရန်လိုကြောင်း။

ချင်းပြည်နယ်၏ ရေမြေသဘာဝ အနေအထားအရ သာမန်ကြိုးစားမှုဖြင့် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်၍ မရနိုင်ကြောင်း၊ လေ့လာမှု၊ ကြိုးစားအားထုတ်မှုတို့ကို အခြားဒေသများထက် ပိုမိုအားထည့်ရန် လိုအပ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရင်းမွေးမြူရေးလုပ်ငန်းကိုလည်း တစ်ပိုင်တစ်နိုင်အဆင့်မှ စီးပွားဖြစ်ထွန်းသည့် အဆင့်အထိ တိုးမြှင့်ကြရန်လိုကြောင်း။

စီးပွားဖြစ်ထွန်းမှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ တည်ငြိမ်အေးချမ်းမှုတို့ဖြင့် ချင်းပြည်နယ်၏ လူနေမှုဘဝ အဆင့်အတန်းကို မြင့်သည်ထက်မြင့်မားအောင် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားပြီး လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများအား နှုတ်ဆက်ပြီး ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မြင့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဟားခါးမြို့မှ ကြိုဆိုကြသည်။ (သတင်းစဉ်)

သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့၏အဓိကလမ်းမကြီးများဖြစ်သည့် ဗိုလ်ချုပ်နေဝင်းလမ်း၊ သိမ်ကျောင်းလမ်း၊ သတိပဋ္ဌာန်လမ်းတို့တွင် မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ကျွမ်းကျင်သူများ၏အကူအညီရယူ၍ လမ်းမီးများတပ်ဆင်နေခြင်းကို ဖေဖော်ဝါရီ ၃ရက်က အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)စက်မှု ဦးဇော်လင်းနိုင်တို့ အနီးကပ်ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

တုကျွန်း ဇမ္ဗူအောင်ဗောဓိစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၆

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် တန်တစ်ရာဆန်စက်တစ်ဖက်ကမ်းရှိ ဘုရားချောင်းကျေးရွာတွင် တည်ထားကိုးကွယ်ထားသော တုကျွန်းဇမ္ဗူအောင်ဗောဓိစေတီတော်အား ဖေဖော်ဝါရီ ၂၁ရက် (၁၃၆၉ခုနှစ် တပို့တွဲလပြည့်) (ကြာသပတေးနေ့)တွင် အဌမအကြိမ်မြောက် အနေကဇာတင်ခြင်း၊ တုကျွန်း ဇမ္ဗူမဟာမြတ်မုနိရုပ်ပွားတော်အား ဗုဒ္ဓါဘိသေကမင်္ဂလာပြုခြင်း၊ သံဃာတော် ၂၇ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ကြွရောက်လာသည့် ဧည့်ပရိသတ်တို့အား ဧည့်ခံကျွေးမွေးပြီး ပျော်ပွဲရွှင်ပွဲအဖြစ် ရွှေနှလုံးသားဇာတ်သဘင်ဖြင့် အခမဲ့ကပြဖျော်ဖြေမည်ဟု သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၂-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ အကပဒေသာ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use
၄:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၄:၅၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၃၀ ၆။ **၂၀၀၆ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
၈:၀၀ ၇။ ပြည်တွင်းသတင်း
၈။ နိုင်ငံတကာသတင်းများ
၉။ မိုးလေဝသအခြေအနေ
၁၀။ **၂၀၀၆ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပပုံ ထုတ်လွှင့်မှုအစီအစဉ်**
၁၁။ နောက်တစ်နေ့အစီအစဉ်
၁၂။ အစီအစဉ်ပြီး၏။

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကယားပြည်နယ်

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	စိုက်ပျိုးမြေဧရိယာ	ဧက	၈၉၉၉၂	၁၆၉၁၆၃	၇၉၁၇၁
၂	ဆည်တမံ	ခု	၂၈	၅၀	၂၂
၃	မြစ်ရေတင်လုပ်ငန်း	ခု	မရှိ	၃	၃
၄	ကြိုးဝိုင်းတော	စတုရန်းမိုင်	၇၄	၂၇၀	၁၉၆
၅	ကြိုးပြင်တော	စတုရန်းမိုင်	မရှိ	၂၁၈၀	၂၁၈၀
၆	ဘူတာရုံ	ရုံ	မရှိ	၁	၁
၇	ရထားသံလမ်းမိုင်	မိုင်	မရှိ	၁၀၁	၁၀၁
၈	ကားလမ်းမိုင်	မိုင်	၃၉၆	၅၈၁	၁၈၅
၉	ပေ(၁၈၀)နှင့်အထက်တံတား	စင်း	၆	၉	၃
၁၀	စာတိုက်စခန်း	ခု	၁၁	၁၃	၂
၁၁	ကြေးနန်းရုံး	ရုံး	၁၀	၁၁	၁
၁၂	တယ်လီဖုန်းရုံး	ရုံး	၃	၁၅	၁၂
၁၃	မိုက္ကရိုဝေ့ဗ်စခန်း	ခု	မရှိ	၁	၁
၁၄	ရေအားလျှပ်စစ်စက်ရုံ	ရုံ	၁	၂	၁
၁၅	အခြေခံပညာကျောင်း	ကျောင်း	၃၃၃	၃၈၈	၅၅
၁၆	တက္ကသိုလ်၊ ကောလိပ်	ကျောင်း	မရှိ	၃	၃
၁၇	ဆေးရုံများ	ရုံ	၁၅	၁၆	၁



ကယားပြည်နယ် ဒီမောဆိုမြို့နယ်အတွင်း စိုက်ပျိုးရေပေးဝေလျက်ရှိသည့် လွိုင်နန်းဖ ရေလှောင်တမံ။



ပြည်နယ်ပြည်မ ဆက်သွယ်မှုလွယ်ကူချောမွေ့စေရန်အတွက် ကယားပြည်နယ် လွိုင်ကော်မြို့တွင် တည်ဆောက်ပေးထားသည့် မိုက္ကရိုဝေ့ဗ်ဆက်သွယ်ရေးစခန်းကို တွေ့ရစဉ်။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု

ကယားပြည်နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ အဆင့်မြင့်ပညာများ သင်ယူနိုင်ရန်အတွက် လွိုင်ကော်မြို့တွင် တည်ဆောက်ပေးထားသော လွိုင်ကော်တက္ကသိုလ် ပင်မဆောင်။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုနေ့ သန္နိဋ္ဌာန်

ခြင်ကျား (မအူပင်)

အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် တိုင်းရင်းသားကိုယ်စားလှယ်များသည် ကိုလိုနီလက်အောက် သူ့ကျွန်ဘဝမှ လွတ်လပ်သော "ပြည်ထောင်စုမြန်မာနိုင်ငံ" အဖြစ် နေထိုင်ကြရန် ပင်လုံမြို့၌ ပဋိညာဉ်ပြုခဲ့ကြပေသည်။ ပဋိညာဉ်ပြုခဲ့သော ထိုနေ့ကို ပြည်ထောင်စုနေ့အဖြစ် အသိအမှတ်ပြု မော်ကွန်းတင်လာခဲ့သည်မှာ (၆၁)နှစ် ပြည့်မြောက်တော့မည် ဖြစ်ပါသည်။

အနာဂတ်လွတ်လပ်သော မြန်မာနိုင်ငံအတွက် မရှိမဖြစ်လိုအပ်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ၁၉၄၇ခုနှစ်က ရေးဆွဲခဲ့ရာတွင် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ ရေးဆွဲရမည်ဖြစ်သော်လည်း ပဒေသရာဇ်တို့အပေါ် လိုက်လျောခဲ့ရသည့် ဖက်ဒရယ်မူတစ်ရပ် ပါရှိလာခဲ့ပါသည်။ ထို ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဖဆပလ ပဏာမ ညီလာခံ၌ ဖဆပလပါတီဝင် ၁၁၁ဦးဖြင့် မူများရှာဖွေပြီး ဖဆပလ ညီလာခံက အတည်ပြုကာ အမြန်ညှိနှိုင်းရေးဆွဲခဲ့ကြခြင်း ဖြစ်သည်။

ထိုသို့ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ရန် အာမခံနိုင်ခြင်းမရှိသော ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြောင့် ၁၉၇၄ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင် ၉၇ဦးက ရေးဆွဲခဲ့ပါသည်။ သို့သော် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် တစ်ပါတီစနစ်ကို အခြေခံ ရေးဆွဲခဲ့သောကြောင့် ပြည်ထောင်စုကြီး ရေရှည်တည်တံ့ရေးအတွက် အဟန့်အတား ဖြစ်ခဲ့ပါသည်။

> **"တိုင်းပြည်ရဲ့ နိုင်ငံရေး အင်အားစုတွေဟာ အကွဲကွဲ အပြားပြားဖြစ်နေမယ်ဆိုရင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရန်အတွက် အခက်အခဲ ဖြစ်နေနိုင်တယ်။ ဒီလို မညီမညွတ်ဖြစ်ပြီး တိုက်ခိုက်လာခဲ့ကြလို့လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဟာ အခြားနိုင်ငံတွေနဲ့ယှဉ်လျှင် အများကြီးနောက်ကျကျန်ခဲ့တယ်။ ဆက်ပြီးတိုက်ခိုက်နေမယ်ဆိုရင်လည်း တိုင်းပြည်မှာ လက်ရှိအခြေအနေကနေ တက်မလာတော့ဘဲ ပိုပြီးနစ်မွန်းဖို့သာရှိတော့မယ်ဆိုတာ မိမိတို့ နားလည်သဘောပေါက်ခဲ့တယ်။ ဒါကြောင့် တပ်မတော်ဟာ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို တည်ဆောက်ဖို့ တာဝန်ရှိလာတယ်။"**

နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့တွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော်၏ခံယူချက်ကို အထက်ပါအတိုင်း မိန့်ကြားခဲ့ဖူးပါသည်။

တပ်မတော်သည် တိုင်းရင်းသားပြည်သူတို့၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရန် အာမခံနိုင်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ရေးဆွဲရမည်။ ထိုသို့ ရေးဆွဲရာတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အခြေခံမှသာ ခိုင်မာသော ဖွဲ့စည်းပုံ အခြေခံ ဥပဒေရရှိမည်ဟု ယုံကြည်ခဲ့သည်။

တပ်မတော်သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အခြေခံ၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့သည်။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအချင်းချင်း ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ပြီး နယ်စပ်ဒေသ အသီးသီး၏ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုများလည်း သိသိသာသာ တိုးတက်လာခဲ့သည်။

နှစ်ပေါင်း လေးဆယ်ကျော်တိုင်တိုင် တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုမရှိသဖြင့် ဖွံ့ဖြိုးမှု နောက်ကျခဲ့ရသော နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်း၍ တပ်မတော်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းတာဝန်ပေး၍ ဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသများ၌ စီးပွားရေး အခြေခံအဆောက်အအုံ တည်ဆောက်မှုအပိုင်း၊ လမ်းပန်းဆက်သွယ်မှုကဏ္ဍ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ သိသိသာသာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့သည်။

နယ်စပ်ဒေသနေ ပြည်သူများ၏ လူမှုဘဝကို နှစ်ပေါင်းမြောက်မြားစွာ ဟန့်တားခြိမ်းခြောက်ခဲ့သော သောင်းကျန်းမှုအန္တရာယ်မှ လွတ်မြောက်စေပြီး ငြိမ်းချမ်းသာယာသည့် ဘဝကို ရောက်ရှိစေခဲ့သည်။

မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ပတ်သက်၍ နယ်စပ်ဒေသများ၌ ကိုလိုနီခေတ်အမွေဆိုးအဖြစ် နှစ်ပေါင်း ၁၀၀ကျော် အမြစ်တွယ်လာခဲ့သည့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု ချုပ်ငြိမ်းအောင် နိုင်ငံတော်က ဦးဆောင်၍ ၁၅နှစ် စီမံကိန်းရေးဆွဲချမှတ်လျက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ကိုယ်ပိုင်စွမ်းအား၊ ကိုယ်ပိုင် အရင်းအမြစ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သော ဒေသခံပြည်သူများ အခြားနည်းလမ်းဖြင့် အစားထိုး ဝင်ငွေရရှိရေးအတွက် ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ရာ နယ်စပ်ဒေသများ၌ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု တဖြည်းဖြည်း လျော့နည်းကျဆင်းလာပြီဖြစ်ကြောင်း နိုင်ငံတကာကပင် လက်ခံအသိအမှတ်ပြုခဲ့ကြသည်။

မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းကို ထုတ်လုပ်မှုပပျောက်ရေး၊ ကာကွယ်တားဆီး နှိမ်နင်းရေးနှင့် သုံးစွဲမှုပပျောက်ရေးဟူသည့် နည်းဗျူဟာသုံးရပ်ဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်တွင် နယ်စပ်ဒေသများတွင်သာမက တစ်နိုင်ငံလုံး မူးယစ်ဆေးဝါးကင်းစင်စေရန် ဆောင်ရွက်နေပြီဖြစ်သည်။

အမျိုးသားညီလာခံကြီးကို ၁၉၉၃ခုနှစ် ဇန်နဝါရီလ ၉ရက်မှ ၁၉၉၆ခုနှစ်အထိ ကျင်းပနိုင်ခဲ့ပြီး အစုအဖွဲ့ ရှစ်ဖွဲ့တွင် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များပါဝင် တက်ရောက်နိုင်ခဲ့သည်။ ၂၀၀၃ခုနှစ် ဩဂုတ်လ၃၀ရက်နေ့တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ် ထုတ်ပြန်ခဲ့ပြီး ပထမအဆင့်ကို အကောင်အထည်ဖော်ရန် ၂၀၀၄ခုနှစ် မေလ၁၇ရက်နေ့တွင် အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခဲ့သည်။ ယင်းအမျိုးသားညီလာခံကြီးတွင် အစုအဖွဲ့ရှစ်ဖွဲ့မှ တိုင်းရင်းသား

နိုင်ငံတော်က မျှော်မှန်းသည့် ဒီမိုကရေစီလူ့ဘောင်သည် ဘိုးဘွားအမွေအနှစ် တစ်ရပ်ဖြစ်သော ပြည်ထောင်စုကြီးကို မယိုင်လဲ မပြိုကွဲစေရန် ထိန်းသိမ်းကာကွယ် စောင့်ရှောက်မည့်၊ တိုင်းရင်းသားအားလုံး အေးအတူပူအမျှ ပေါင်းစည်းနေထိုင်ကြ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲဆောင်ရွက်ကြမည့်၊ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို မျှဝေခံစားမည့်၊ တိုင်းရင်းသားမျိုးနွယ်အသီးသီး၏ အကျိုးစီးပွားများကို မျှမျှတတဖော်ဆောင်မြှင့်တင်ထိန်းသိမ်းမည့်၊ လူ့ဘောင်အဖွဲ့အစည်း ဖြစ်သည်။

**၁၉၄၇ ခုနှစ် ...
ပြည်ထောင်စုစိတ်ဓာ...
ပြည်ထောင်စုကြီး ရေ...
ဥပဒေပေါ်ပေါက်ရေး...
အမျိုးသားညီလာခံကြ...
ပါဝင်ရမည့် အခြေခံမူ...
နိုင်ငံတော်ဖွဲ့စည်းပုံ ...**

ကိုယ်စားလှယ် ၆၀ရာခိုင်နှုန်းပါဝင်သော...
တစ်ထောင်ကျော်တို့က အတိတ်၏...
ပစ္စုပ္ပန်၏အခြေအနေအရပ်ရပ်ကို ...
အရေး တွေးတောမြော်မြင်ကာ အပြ...
တိုင်ပင်ကြပြီးမှ ဖွဲ့စည်းပုံ အခြေခံဥပဒေ...
နှင့် အသေးစိတ် အခြေခံရမည့်မူများ...

**အမျိုးသားညီလာခံက ချမှတ်ပြီး...
အသေးစိတ်အခြေခံရမည့်မူများနှင့် ပတ်...
အဖျက်သမားများက မမှန်မကန် ဖြား...
ဖြန့်မှုများရှိခဲ့သော်လည်း ယခင်ဖွဲ့စည်း...
ယှဉ်လျှင် ယခုချမှတ်ထားသော မူများသ...
အခွင့်အရေးကို မြန်မာနိုင်ငံ၏ ...
အခြေခံ၍ အထူးတလည်ပေးအပ်ထား...**

နိုင်ငံတော်က မျှော်မှန်းသည့် ဒီမိ...
ဘိုးဘွားအမွေအနှစ်တစ်ရပ်ဖြစ်သော ...
မယိုင်လဲ မပြိုကွဲစေရန် ထိန်းသိမ်းကာ...
တိုင်းရင်းသားအားလုံးအေးအတူပူအမျှ...
နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ...
မည့်၊ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်...
မည့်၊ တိုင်းရင်းသားမျိုးနွယ်အသီးသီး...
မျှမျှတတဖော်ဆောင်မြှင့်တင် ထိန်းသိ...



၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် အုတ်မြစ်ချခဲ့သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ အမျိုးသားညီလာခံကြီး၌ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ရေးကို အာမခံသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပေါ်ပေါက်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုအခါ အမျိုးသားညီလာခံကြီးက ချမှတ်ပေးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပါဝင်ရမည့် အခြေခံမူနှင့် အသေးစိတ် အခြေခံရမည့်မူများကို အခြေခံ၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိပေပြီ။

ကိုယ်စားလှယ် ၆၀ရာခိုင်နှုန်းပါဝင်သော ကိုယ်စားလှယ်စုစုပေါင်း တစ်ထောင်ကျော်တို့က အတိတ်၏သမိုင်းသင်ခန်းစာများနှင့် ပစ္စုပ္ပန်၏အခြေအနေအရပ်ရပ်ကို ထောက်ရှုပြီး အနာဂတ် အရေး တွေးတောမြော်မြင်ကာ အပြန်ပြန်အလှန်လှန် ညှိနှိုင်း တိုင်ပင်ကြပြီးမှ ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ ပါဝင်ရမည့်အခြေခံမူ နှင့် အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်ခဲ့ကြသည်။

အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်သော အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပ အဖျက်သမားများက မမှန်မကန် ဖြားယောင်းသွေးဆောင် ဝါဒ ဖြန့်မှုများရှိခဲ့သော်လည်း ယခင်ဖွဲ့စည်းပုံ အခြေခံဥပဒေများနှင့် ယှဉ်လျှင် ယခုချမှတ်ထားသော မူများသည် တိုင်းရင်းသားများ၏ အခွင့်အရေးကို မြန်မာနိုင်ငံ၏ ပကတိအရှိတရားအပေါ် အခြေခံ၍ အထူးတလည်ပေးအပ်ထားကြောင်း တွေ့ရပေသည်။

နိုင်ငံတော်က မျှော်မှန်းသည့် ဒီမိုကရေစီလူ့ဘောင်သည် ဘိုးဘွားအမွေအနှစ်တစ်ရပ်ဖြစ်သော ပြည်ထောင်စုကြီးကို မယိုင်လဲ မပြိုကွဲစေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည့်၊ တိုင်းရင်းသားအားလုံးအေးအတူပူအမျှ ပေါင်းစည်းနေထိုင်ကြ၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲဆောင်ရွက်ကြ မည့်၊ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို မျှဝေခံစား မည့်၊ တိုင်းရင်းသားမျိုးနွယ်အသီးသီး၏ အကျိုးစီးပွားများကို မျှမျှတတဖော်ဆောင်မြှင့်တင် ထိန်းသိမ်းမည့် လူ့ဘောင်အဖွဲ့ အစည်းဖြစ်သည်။ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့် ရှောက်သွားကြမည့်ပြည်ထောင်စု တိုင်းရင်းသားများ၏ လူ့ဘောင် ဘဝသည် စည်းလုံးခြင်း၊ ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးခြင်းတို့ဖြင့် ပိုမို တိုးတက်ဖြစ်ထွန်းလာတော့မည်ဖြစ်သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် အုတ်မြစ်ချခဲ့သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ အမျိုးသားညီလာခံကြီး၌ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ရေးကို အာမခံသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ ပါသည်။ ယခုအခါ အမျိုးသားညီလာခံကြီးက ချမှတ်ပေးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပါဝင်ရမည့် အခြေခံမူနှင့် အသေးစိတ် အခြေခံရမည့်မူများကို အခြေခံ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိပေပြီ။

ထို့ကြောင့် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ကျရောက်သည့် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့၌ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရ မည့် လုပ်ငန်းစဉ်အဆင့်တိုင်း၌ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ် ပန်ဆင်ပြီး ဆက်လက်ပါဝင် အကောင်အထည်ဖော်ဆောင် ရွက်ရန် သန္နိဋ္ဌာန်ပြုကြပါစို့ဟု နှိုးဆော်တင်ပြလိုက်ရပါသည်။



၂၀၀၈ခုနှစ် (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်း ရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့ အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမား များ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှု ဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေး စိတ် အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်း ဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင် စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

သွေးချင်းတို့ညီ၊ ဒို့တိုင်းပြည် ရေရှည်တည်ရမည်

❖ ရှေးရှေးမှပင်၊ ဒို့ညီကိုများ
ကိုယ့်သားကိုယ့်ရင်း၊ ဒို့သွေးချင်းတို့
ရိုင်းပင်းညီထွေ၊ ဒို့တိုင်းပြေ (ပြည်)တွက်
ထွေးယှက်လက်များ၊ ဆုပ်ကိုင်ထားပြီး
ပြည့်အားပြည့်အင်၊ ကမ္ဘာတွင်အောင်
စွမ်းဆောင်ခဲ့ရာ၊ ပြည်မြန်မာသည်
ခုခါ ကမ္ဘာတိုင်ခဲ့ပြီ။

❖ စည်းလုံးအင်အား၊ ပြည့်အင်အားကို
ကျောသားရင်သား၊ မခွဲခြားဘဲ
နယ်ခြားနယ်စွန်၊ မြို့စွန်တောနှံ့
ပျံ့နှံ့ယှက်နွယ်၊ ခက်သွယ်လက်ချောင်း
စုပေါင်းအင်အား၊ သွေးချင်းများနှင့်
စုထားထင်းစည်း၊ ပမာမှီး၍
စုစည်းရင်းတည်၊ ပြည်သစ်ဆီကို
ဒို့ချီတက်၍ သွားကြမယ်။

❖ ဒါကြောင့်မို့လေ၊ ဒို့တစ်တွေသည်
ညီစေညီရင်း၊ ဒို့သွေးချင်းပင်
ရိုင်းပင်းကူညီ၊ ပြည်သစ်ဆီကို
ဒို့ချီသွားရာ၊ ခုချိန်ခါဝယ်
ဘယ်ဝယ်တောင်မြောက်၊ အမှောက်မီဒီယာ
နှောင့်ကာလာလဲ၊ မမှုဘဲနှင့်
သွေးခွဲရန်မူ၊ ပြည့်ရန်သူကို
ခုတ်ယူပယ်ရှင်း၊ ဖယ်ရှားရင်းနှင့်
ပြည်တွင်းအင်အား၊ သွေးချင်းများသည်
ညီထားညီစေ၊ ကိုယ့်တိုင်းပြေ (ပြည်)တွက်
နွေးထွေးလက်များ၊ ဆုပ်ကိုင်ထား၍
ဒို့များအစဉ်၊ လမ်းစဉ် (၇)ရပ်
တည့်မတ်စေရေး၊ သမိုင်းပေးကို
လေးပေးရွက်ဆောင်၊ ဒို့ပြည်ထောင်တွက်
ဒို့များသက်ကို၊ ပေးဆက်လျက်ပင်
ခရီးနှင်မည်၊ ဒို့တိုင်းပြည် ရေရှည်တည်ရမည်။

[(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်]

မောင်လှသိန်း(သတ္တုတွင်း)

နိုင်ငံတကာရေးရာ သုံးသပ်ချက် ဆောင်းပါး

ကင်ညာကပေးသော သင်ခန်းစာ

လှိုင်အောင်

ကိုင်းခုတ်ဓားတွေ၊ ရေးခေတ်ကလိုလေးတွေ၊ မြားတွေနဲ့ လူအုပ်စုချင်းအော်ဟစ်လုံးထွေးပြီး တိုက်ခိုက်နေကြတဲ့ မြင်ကွင်းရဲ့နောက်ခံရှုခင်းမှာ မြက်သက်ငယ်မိုးထားတဲ့ တဲအိမ်ကလေးတွေက မီးဟုန်းဟုန်းတောက်လောင်နေပြီး မီးခိုးတွေလည်း အလိပ်လိုက်အလိပ်လိုက် တက်နေပါတယ်။ ရှိစုမဲ့စုအထုပ်အပိုးတွေကို ခေါင်းမှာရွက်၊ လက်မှာပွေ့ပြီး အော်ဟစ်ငိုယိုထွက်ပြေးနေကြတဲ့ သားသည်မအေတွေနဲ့ ကလေးငယ်တွေကိုလည်း နောက်မြင်ကွင်းတစ်ခုမှာ တွေ့နိုင်ပါတယ်။

အာဖရိကနောက်ခံ သည်းထိတ်ရင်ဖိုစွန့်စားခန်းစစ်ကားတစ်ကားလို့ ထင်စရာရှိပေမယ့် ဒါတွေဟာ အာဖရိကတိုက်အရှေ့ပိုင်းက ကင်ညာနိုင်ငံမှာ လတ်တလော ဖြစ်ပျက်နေသမျှကို နိုင်ငံတကာသတင်း ရုပ်မြင်သံကြားဖန်သားပြင်ပေါ်ကနေ ထုတ်လွှင့်ပြသနေတဲ့ မြင်ကွင်းတွေ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလ ၂၇ရက် ရွေးကောက်ပွဲနောက်ပိုင်းကစပြီး လက်ရှိအာဏာရသမ္မတ မွိုင်ကီဘာကီနဲ့ အတိုက်အခံနိုင်ငံရေးခေါင်းဆောင် ရေလာအိုတေဂါတို့ရဲ့ နောက်လိုက်နောက်ပါ အုပ်စုတွေကြားထဲမှာ ဖြစ်ပွားခဲ့တဲ့ သွေးထွက်သံယိုတိုက်ခိုက်မှုတွေ၊ အဓိကရုဏ်းတွေဟာ တစ်လကျော်ကြာလာတဲ့အထိ မငြိမ်းမအေးနိုင်သေးဘဲ ဆက်ပြီး မြားမိုးရွာနေဆဲ၊ သွေးချောင်းစီးနေဆဲ ဖြစ်နေပါတယ်။

အေအက်ဖ်ပီသတင်းဌာနရဲ့ အဆိုအရတော့ ဒီအရေးအခင်းမှာ ဖေဖော်ဝါရီလ ၂ရက်နေ့အထိ သေဆုံးသူ ၁၀၀၀ကျော်ရှိသွားပြီဖြစ်ပြီး အိုးအိမ်တွေကိုစွန့်ခွာပြေးရသူပေါင်းဟာ နှစ်သိန်းခွဲကနေ သုံးသိန်းအကြား ရှိနေပြီလို့ဆိုပါတယ်။ သေဆုံးသူတွေဟာ လုံခြုံရေးတပ်ဖွဲ့နဲ့ အတိုက်အခံ ဆန္ဒပြသူတွေအကြားမှာ အဓိကရုဏ်းဖြစ်ပြီး ပစ်ခတ်နှိမ်နင်းဖြိုခွဲလို့ သေဆုံးရတာတွေရော၊ လူမျိုးရေးအုပ်စုအချင်းချင်းတိုက်ခိုက်မှုကြောင့် သေဆုံးကြရတာတွေရော ပါဝင်တယ်လို့ဆိုပါတယ်။

တကယ်တော့ ကင်ညာပြဿနာဟာ ရွေးကောက်ပွဲမှာ မဲလိမ်မဲခိုး မသမာမှုတွေအပေါ် မကျေနပ်တာကစတယ်လို့ ဆိုပေမယ့် နောက်ကွယ်မှာ လူမျိုးစုပြဿနာတွေ၊ လူမှုစီးပွားရေးနဲ့ နိုင်ငံရေးနောက်ခံ အကြောင်းအချက်တွေ အများကြီး နက်နက်ရှိုင်းရှိုင်း ပါဝင်ပတ်သက်နေတာ ဖြစ်ပါတယ်။

နောက်ခံအကြောင်းအချက်များ

ကင်ညာနိုင်ငံဆိုတာ "Mount Kenya"လို့ခေါ်တဲ့ အထင်ကရ တောင်ကြီးတစ်တောင်ကိုအစွဲပြုပြီး မှည့်ခေါ်ထားတာဖြစ်ပါတယ်။ ကင်ညာတောင်ဝန်းကျင်တစ်ဝိုက်မှာ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းနေထိုင်ကြတဲ့ သိုးဆိတ်နွားမွေးမြူတဲ့ လူမျိုးစုတွေနဲ့ လယ်ယာကိုင်းကျွန်း လုပ်ကိုင်စားသောက်တဲ့ စိုက်ပျိုးရေးသမားလူမျိုးစုတွေ အစဉ်အလာအရ ရောနှောနေထိုင်ခဲ့ကြတာဖြစ်ပါတယ်။ ဗြိတိသျှကိုလိုနီနယ်ချဲ့သမားတွေရောက်လာတဲ့အခါကျတော့ မြေဆီဩဇာကောင်းမွန်တဲ့ မြေနေရာတွေမှာ လက်ဖက်၊ ကော်ဖီနဲ့ တခြား သစ်သီးဝလံတွေ စိုက်ပျိုးဖို့ မြေတွေကို အတင်းသိမ်းပိုက်လိုက်တဲ့အတွက် ဓားမဦးချ လုပ်ကိုင်စားသောက်ခဲ့တဲ့ ဒေသခံလူမျိုးစုဖြစ်တဲ့ ကီကူယူလူမျိုးစုတွေဟာ မိမိတို့ဒေသရင်းကနေ နှင်ထုတ်ခံခဲ့ရပါတယ်။ ၁၉၆၃ခုနှစ် လွတ်လပ်ရေးရပြီးတဲ့အခါ ဒီကီကူယူလူမျိုးစုတွေကို "Rift Valley" တောင်ကြားလွင်ပြင်ဒေသမှာ ပြန်ပြီးနေရာချပေးခဲ့ပါတယ်။ အဲဒီမှာ ရှိရင်းစွဲ တခြားလူမျိုးစုတွေက နောက်ဝင်လာတဲ့ ကီကူယူတွေအပေါ်မှာ မကြည်မလင် စပြီးဖြစ်လာခဲ့ပါတယ်။

ဗြိတိသျှတွေကို "မော်မော်လှုပ်ရှားမှု"နဲ့ တက်တက်ကြွကြွ ဆန့်ကျင်ခဲ့တဲ့ ကီကူယူတွေဟာ လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာ အစိုးရအဖွဲ့ကို လွှမ်းမိုးထားနိုင်ခဲ့ပါတယ်။ ကင်ညာနိုင်ငံမှာ လူဦးရေ ၃၆ သန်းလောက်ရှိတဲ့ အနက် ကီကူယူလူမျိုးစုဟာ လူဦးရေရဲ့ ၂၂ရာခိုင်နှုန်းရှိတဲ့ လူများစုဖြစ်ပါတယ်။ ကီကူယူတွေရဲ့နောက်မှာ လူယာလူမျိုးစုက ၁၄ ရာခိုင်နှုန်း၊ လျိုလူမျိုးစုက ၁၃ ရာခိုင်နှုန်း၊ ကလန်ဂျင်လူမျိုးစုက ၁၂ရာခိုင်နှုန်း၊ ကမ်ဘာလူမျိုးစုက ၁၁ရာခိုင်နှုန်း၊ ကီစီးလူမျိုးစုက ၆ ရာခိုင်နှုန်း၊ မီးရူးလူမျိုးစုက ၆ ရာခိုင်နှုန်းနဲ့ တခြားအာဖရိကန် နွယ်ဖွားတွေက ၁၅ ရာခိုင်နှုန်း၊ နိုင်ငံခြားသားတွေက ၁ ရာခိုင်နှုန်းလောက် ရှိပါတယ်။

ကီကူယူတွေဟာ လူများစုဖြစ်ပြီး အစဉ်အဆက် နိုင်ငံရေးအရ ဩဇာအာဏာကြီးမားခဲ့သလို စီးပွားရေးမှာလည်း အခြေအနေတောင့်တင်းတဲ့ လူမျိုးစု ဖြစ်ပါတယ်။

ကင်ညာနိုင်ငံ ၁၉၆၃ခုနှစ်မှာ လွတ်လပ်ရေးရခဲ့ပြီးနောက် ၁၉၇၈ခုနှစ်အထိ ကင်ညာလွတ်မြောက်ရေးခေါင်းဆောင် ဂျိုမိုကင်ညတ္တာက ပထမဆုံးသမ္မတအဖြစ် အုပ်စိုးခဲ့ပြီး သူကွယ်လွန်သွားတဲ့အခါ ဒင်နီယယ်အရပ်မွိုင်က ဆက်ခံပါတယ်။ အရပ်မွိုင်လက်ထက်မှာ ၁၉၈၂ခုနှစ်အထိ တစ်ပါတီစနစ်နဲ့ အုပ်ချုပ်ခဲ့ပြီး တဖြည်းဖြည်း ပြုပြင်ပြောင်းလဲမှုတွေလုပ်လာခဲ့တာ ၁၉၉၁ခုနှစ်ကျတော့ ပါတီစုံစနစ်ကို အေးအေးချမ်းချမ်းပဲ ကူးပြောင်းနိုင်ခဲ့ပါတယ်။ ပါတီစုံစနစ်မှာလည်း အရပ်မွိုင်ရဲ့(KANU)ပါတီပဲ ဆက်ပြီး အာဏာရနေခဲ့ပြီးတဲ့နောက် ၂၀၀၂ခုနှစ်မှာ အရပ်မွိုင်ဟာ ရာထူးကဆန္ဒအလျောက် ဆင်းပေးခဲ့ပါတယ်။ ငြိမ်းချမ်းလွတ်လပ်တဲ့ ရွေးကောက်ပွဲမှာ အတိုက်အခံအုပ်စုက မွိုင်ကီဘာကီအာဏာရလာခဲ့ပါတယ်။

အဂတိလိုက်စားမှုဆန့်ကျင်ရေး ကြွေးကြော်သံနဲ့ လူကြိုက်များအာဏာရလာတဲ့ ကီဘာကီဟာ နောက်တော့လည်း စီးပွားရေးသမားတွေရဲ့ လက်ခုပ်ထဲရောက်သွားပြီး နာမည်ပျက်လာခဲ့ပါတယ်။ ကီဘာကီရဲ့ သက်တန့်ရောင်ညွန့်ပေါင်းအုပ်စုကို ခြိမ်းခြောက်မယ့် လိမ္မော်ရောင် ဒီမိုကရက်တစ်လှုပ်ရှားမှုအုပ်စုဆိုတာ ပေါ်လာပြန်ပါတယ်။ ဒီအုပ်စုရဲ့ခေါင်းဆောင်က အိုတေဂါပဲဖြစ်ပါတယ်။

နိုင်ငံရေးအရ ပြိုင်ဘက်ဖြစ်လာတဲ့ ဒီအုပ်စုနှစ်စုရဲ့နောက်မှာ လူမျိုးရေးနောက်ခံအကြောင်းတရားတွေလည်း ရှိနေပြန်ပါတယ်။ ကီဘာကီဟာ ကီကူယူလူမျိုးစုဝင်ဖြစ်ပြီးတော့ အိုတေဂါကတော့ လျိုလူမျိုးစုဝင် ဖြစ်ပါတယ်။

၂၀၀၇ခုနှစ် ဒီဇင်ဘာလ ၂၇ရက်နေ့ သမ္မတရွေးကောက်ပွဲမှာ လက်ရှိသမ္မတ ကီဘာကီက မဲအရေအတွက် နှာတစ်ဖျားနဲ့ ကပ်နိုင်လိုက်ပြီး နိုင်တဲ့မဲတွေကလည်း မဲရုံမှာ ကြေညာတဲ့စာရင်းနဲ့ ကွဲလွဲနေတဲ့အတွက် မမှန်မကန်လုပ်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ အတိုက်အခံ အိုတေဂါဘက်က မကျေမနပ်ပေါက်ကွဲမှုတွေဟာ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအရ အုပ်စီးလွှမ်းမိုးထားတဲ့ ကီကူယူတွေအပေါ် ကာလကြာရှည် မကျေနပ်ခဲ့တဲ့ တခြားလူမျိုးစုတွေရဲ့ အာဃာတတွေအဖြစ် ပြောင်းလဲသွားပြီး တောမီးလိုပဲ အလျင်အမြန် ကူးစက်လောင်ကျွမ်းသွားတာ ဖြစ်ပါတယ်။

အရင်တုန်းက တစ်ရပ်ကွက်တည်း အတူနေခဲ့ကြတဲ့ ကီကူယူလူမျိုးစုတွေဟာ ဒီအရေးအခင်းမှာ တခြားလူမျိုးစုတွေရဲ့ ပစ်မှတ်ဖြစ်လာပြီး ကိုင်းခုတ်ဓားတွေ၊ လေးမြားတွေနဲ့ပါ အိမ်နီးချင်းအချင်းချင်း ထိုးခုတ်ပစ်ခတ်သတ်ဖြတ်တဲ့အဆင့် အထိ ရောက်လာတော့တာပါပဲ။

ကျေးရွာတစ်ရွာမှာဆိုရင် အဆောက်အအုံတစ်ခုမှာ ပုန်းအောင်းခိုလှုံနေတဲ့ ကီကူယူလူမျိုးစုတွေကို အဲဒီအဆောက်အအုံပါ မီးတင်ရှို့ခဲ့လို့ လူ ၅၀လောက် အရှင်လတ်လတ် မီးလောင်တိုက်အသွင်းခံခဲ့ရတယ်လို့ ဆိုပါတယ်။

နိုင်ရိုဘီမြို့မှာလည်း အတိုက်အခံခေါင်းဆောင် အိုတေဂါက လူသန်းနဲ့ချီ စုရုံးပြီး သူ့ကိုယ်သူ "ပြည်သူ့သမ္မတ"အဖြစ်ခံယူဖို့ အကြိမ်ကြိမ် ကြိုးပမ်းခဲ့သလို သမ္မတ ကီဘာကီကလည်း သူသာလျှင် တရားဝင်သမ္မတပါလို့ အလျင်အမြန် ကျမ်းသစ္စာဆိုခဲ့ပါတယ်။ လူစုလူဝေးနဲ့ ကီဘာကီကို ဖြုတ်ချဖို့ကြိုးစားတဲ့ အိုတေဂါရဲ့ အုပ်စုတွေကို သမ္မတကီဘာကီရဲ့ လုံခြုံရေးတပ်ဖွဲ့တွေက အင်အားသုံး နှိမ်နင်းခဲ့ပါတယ်။

ဒီပြဿနာ အရေးအခင်းကို ဖြေရှင်းဖို့ အာဖရိကသမဂ္ဂ၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်နဲ့ လက်ရှိကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းတို့ ကိုယ်တိုင်လာပြီး စေ့စပ်ညှိနှိုင်းကြိုးပမ်းနေပေမယ့် အခုထက်ထိတော့ အရာမထင်သေးပါဘူး။ ကြားဝင်စေ့စပ်ပေးဖို့ ကိုဖီအာနန်က အဆိုပြုခဲ့တဲ့ တောင်အာဖရိက စီးပွားရေးလုပ်ငန်းရှင် ရာမာဖိုဆာကိုလည်း ကီဘာကီက လက်မခံလို့ နောက်ပြန်လှည့်သွားရပြန်ပြီ ဖြစ်ပါတယ်။

ကင်ညာအရေးအခင်းဟာ သင်ခန်းစာယူစရာတွေ အများကြီးပါပဲ။ ဒီမိုကရေစီဆိုတာ တရားကိုယ်သဘောအရ အလွန်ကောင်းမွန်ဖြူစင်ပါတယ်။ ဒါပေမယ့် ကျင့်သုံးတဲ့ လူတွေမှာ ကိုယ်ကျိုးအတ္တတွေ၊ လောဘ၊ ဒေါသ၊ မာန်မာနတွေ၊ မနာလိုမုဒိတာနဲ့ ဝန်တိုမှုမစ္ဆရိယစတဲ့ စိတ်အညစ်အကြေးတွေ ထူပြောနေရင်တော့ ညစ်ပေသွားရမှာဖြစ်ပါတယ်။ ပါတီနိုင်ငံရေးတွေမှာ ကိုယ့်ပါတီအာဏာရရေးကိုပဲ ဦးစားပေးကြတဲ့အခါ ပြည်သူလူထုဟာ နိုင်ငံရေးသမားတွေရဲ့ လက်ကိုင်တုတ်အဖြစ် အသုံးချခံရပြီး အကျိုးမဲ့ အသက်တွေ ဆုံးပါးကြရသလို နိုင်ငံအကျိုးစီးပွားဟာလည်း အများကြီး ထိခိုက်နစ်နာသွားရတာ တွေ့မြင်နိုင်ပါတယ်။

နောက်ထပ် သင်ခန်းစာတစ်ခုကတော့ ဒီမိုကရေစီဆိုတာ ရွေးကောက်ပွဲကျင်းပပေးနိုင်ရုံနဲ့ ပဒေသာပင်မြေက ထပေါက်စေနိုင်တဲ့ ဣစ္ဆာသယ ဆေးတောင်ဆေး မဟုတ်သလို ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးနိုင်ဖို့အတွက် ပြည်သူတစ်ရပ်လုံး လူမှုစီးပွားရေး အခွင့်အလမ်းတွေ ညီညီမျှမျှရရှိနိုင်အောင် အခြေခံကောင်းတွေ ကြိုတင် တည်ဆောက်ထားဖို့ လိုတယ်ဆိုတာပါပဲ။ ဒါ့အပြင် ပြည်သူအချင်းချင်း သွေးသားရင်းချာ တိုင်းရင်းသားလူမျိုးစုတွေအကြားမှာ တစ်ဦးနဲ့တစ်ဦး နားလည် စာနာမှုတွေ၊ ရိုင်းပင်းကူညီဖေးမမှုတွေနဲ့ အေးအတူ ပူအမျှ အတူတကွ နေထိုင်သွားကြဖို့ အရေးကြီးလှပါတယ်ဆိုတာလည်း တင်ပြလိုက်ရပါတယ်။ ။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ရေးဖြေစာမေးပွဲကျင်းပသည့် စာစစ်ဌာနများစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၆

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်သည် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ကကြော်ငြာခေါ်ယူခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဌာနစုမှူး(၂) တတိယအတွင်းဝန် လစ်လပ်ရာထူးနေရာများအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲများ ကျင်းပသည့် နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၅)နှင့်(၆)၊ နေပြည်တော်ပျဉ်းမနား အခြေခံပညာအထက်တန်းကျောင်းအမှတ်(၁)နှင့် (၂)တို့ရှိ စာစစ်ဌာနများသို့ ဖေဖော်ဝါရီ ၂ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှု စစ်ဆေးအားပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို စာစစ်ဌာနလေးခုတွင် လျှောက်လွှာရှင် ၁၅၁၆ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၂-၂၀၀၈ (ကြာသပတေးနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်ပဋိစ္စသမုပ္ပာဒ်"တရားတော် (မစ္ဆရိယဃောသိတသုဒ္ဓေးဥပမာပြ) (မုံလယ်တောရဆရာတော်ဘဒ္ဒန္တ သံဝရ)
၇း၅၅-၁း၅၅	နိဗ္ဗာန်ဆီသို့…… အမေးအဖြေများ
၈း၁၅-၂း၁၅	ပြည်တွင်းအနုပညာရေးရာ
၈း၄၀-၂း၄၀	မမေ့နိုင်စရာ…… ရှမ်းရိုးရာအစားအစာ
၈း၅၅-၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀-၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀-၃း၁၀	တေးဂီတအစီအစဉ်
၉း၁၅-၃း၁၅	အင်းမမြို့၏ကျက်သရေဆောင် မဟာမုနိကြေးတော်ကြီးဘုရား
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀-၄း၀၀	ဘဝသစ်ရဲ့စာမျက်နှာ (အကယ်ဒမီမြတ်ကေသီအောင်၊ စိုးပြည့်သဇင်၊ ငြိမ်းချမ်း၊ ထက်ထက်၊ ဝိုင်းချစ်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၁၀း၁၅-၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅-၄း၂၅	သင်ယူလေ့လာဂီတပညာ (ကိုစိုင်း) (အပိုင်း-၂၇)
၁၀း၅၅-၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀-၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀-၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅-၅း၁၅	မြစ်ရေတင်စိုက်ပျိုးရာတွင် ရေအလေအလွင့်နည်းပါးရေး
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	သွားမယ် စားမယ် (Bua Thai Reastaurant)
၁၁း၅၀-၅း၅၀	ကယားဝတ်စားဆင်ယင်မှုပြကွက်
၁၁း၅၅-၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀-၆း၀၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "Game ကစားပွဲ"
၁၂း၃၀-၆း၃၀	Fashion Guide (လွယ်ကူပြင်ဆင် ကျစ်ဆံမြီးဖက်ရှင်)
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Africa Cup of Nations (2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	ဆီမီးဖိုင်နယ်ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	Gana-Cameroon	Euro Sports(Live)
၃း၀၀	Ivory Coast-Egypt	Euro Sports(Live)

အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကျောက်ဆည်မြို့နယ်ရှိ အခြေခံပညာကျောင်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၆

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဖေဖော်ဝါရီ ၅ရက် မွန်းလွဲပိုင်းတွင် ကျောက်ဆည်မြို့၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ မြို့နယ်ပညာရေးမှူး၊ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ ဆရာ၊ ဆရာမများအားတွေ့ဆုံ၍ သင်ကြားသင်ယူမှုလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု၊ ဆရာ၊ ဆရာမများ၏ကြီးကြပ်ကွပ်ကဲမှု၊ တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းအဆင့် အောင်ချက်ရာခိုင်နှုန်း၊ ဘာသာရပ်အလိုက် အောင်ချက်ရာခိုင်နှုန်း၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာမေးခွန်းနှင့် အဖြေစုံစာအုပ်များဖြင့် သင်ကြားပေးနိုင်မှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးစီမံချက်ပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ထားနိုင်မှုတို့ကိုဆွေးနွေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် (မြို့မ)အခြေခံပညာအလယ်တန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** (သတင်းစဉ်)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ယူနီဆက်မှ ထုတ်ပြန်ခဲ့သည့် နှစ်ပတ်လည်အစီရင်ခံစာနှင့်ပတ်သက်ပြီး သတင်းစာအချို့က လွဲမှားဖော်ပြခဲ့ ၂၀၀၇ခုနှစ်အတွက် ယူနီဆက်နှင့် ဒဗလျူအိပ်ချ်အိုမှ ထုတ်ပြန်သည့် ကိန်းဂဏန်းများ ကွာခြားနေ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး အစွမ်းကုန်ကြိုးစားသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

ပဋ္ဌမအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ အခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် ယခုနှစ်ကျင်းပသည့် ပဋ္ဌမအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ ဆောင်ပုဒ်အဖြစ် **"အနာကြီးရောဂါကင်းဝေးနေစေဖို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်စို့ "** " Sustain Leprosy Control Activities : Let's Continue our efforts" ဟူ၍ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားကြောင်း၊ လူနာအချို့သည် MDT ဖြင့် ကုသ၍ ရောဂါပျောက်ကင်းပြီးသော်လည်း ကိုယ်အင်္ဂါ မသန်စွမ်းမှုများ ဖြစ်ပေါ်နိုင်သဖြင့် ကိုယ်လက်အင်္ဂါမသန်စွမ်းမှုမဖြစ်အောင် ကြိုတင်ကာကွယ်ပေးခြင်း၊ ကိုယ်အင်္ဂါမသန်စွမ်းမှုရှိပြီးသူများအား ခြေလက်အင်္ဂါများ ပြန်လည်အသုံးချနိုင်ရန် ပြန်လည်ပြုပြင်ထူထောင်ပေးခြင်း၊ ပိုမိုဆိုးရွားမလာစေရန် လူနာများ မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်နိုင်သော အသိပညာပေးခြင်း၊ လေ့ကျင့်ပေးခြင်း၊ သင့်လျော်သော အသက်မွေးဝမ်းကျောင်းမှု အတတ်ပညာများ ရွေးချယ်သင်ကြားပေးခြင်းစသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၇ ခုနှစ် အတွင်း ပြည်နယ်၊ တိုင်း ရှစ်ခုတွင်ရှိသည့် မြို့နယ် ၂၀ မှာ တိုးချဲ့ဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်၍ တစ်နှစ်လျှင် မြို့နယ် ၂၀ တွင် တိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း။

ရောဂါခံစားခဲ့ရသူများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခက်အခဲများကို နည်းနိုင်သမျှနည်းသွားအောင် ဝိုင်းဝန်းကူညီစောင့်ရှောက်နိုင်ရန် သင့်တော်သည့်အစီအစဉ်များ ချမှတ်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဤနေရာတွင် အလျဉ်းသင့်၍ ကျန်းမာရေးကဏ္ဍကိန်းဂဏန်းများ၏ အရေးကြီးပုံကို ပြောပြလိုကြောင်း၊ မကြာခင်က UNICEF ၏ State of the World Children အစီရင်ခံစာ ထုတ်ပြန်ရာတွင် ၂၀၀၇ခုနှစ်အတွင်း **စာမျက်နှာ ၃ ကော်လံ ၁ သို့ ➲**

အမှာစကားပြောကြား

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ပဋ္ဌမအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

- ❑ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကယားပြည်နယ် (ဓာတ်ပုံမှတ်တမ်း) စာမျက်နှာ-၇
- ❑ "အမျိုးသားညီလာခံက ချမှတ်ပြီးသော အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပ အဖျက်သမားများက မမှန်မကန် ဖြားယောင်းသွေးဆောင် ဝါဒဖြန့်မှုများရှိခဲ့သော်လည်း ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်ယှဉ်လျှင် ယခုချမှတ်ထားသောမူများသည် တိုင်းရင်းသားများ၏ အခွင့်အရေးကို မြန်မာနိုင်ငံ၏ ပကတိအရှိတရားအပေါ်အခြေခံ၍ အထူးတလည် ပေးအပ်ထားကြောင်း တွေ့ရပေသည်" ခြင်ကျား(မအူပင်)၏ **"ပြည်ထောင်စုနေ့ သန္နိဋ္ဌာန်"** (ဆောင်းပါး) စာမျက်နှာ-၈၊၉
- ❑ မောင်လှသိန်း(သတ္တုတွင်း)၏ **"သွေးချင်းတို့ညီ ဒို့တိုင်းပြည် ရေရှည်တည်ရမည်"**(ကဗျာ) စာမျက်နှာ-၉
- ❑ ဝင်းတင်၏ (ကာတွန်း) စာမျက်နှာ-၉